# ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်အတွက်

# အစိုးရဌာန၊ အဖွဲ့အစည်းများ၏

# COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး၊ ကုစားရေးတို့နှင့်

# ဆက်စပ်သည့် အသုံးစရိတ်များ နှင့် CERP’s Action Plan အရ

# အသုံးစရိတ်များ ၊လုပ်ငန်းစဉ်များနှင့် စပ်လျဉ်းသည့်

# စစ်ဆေးတွေ့ရှိချက်များ

# အကြောင်းအရာမာတိကာ


| စဉ် | | အကြောင်းအရာ | စာမျက်နှာ | |
|---|---|---|---|---|
| | | | မှ | ထိ |
| ၁ | | ၂ | ၃ | ၄ |
| ၁ | | နိဒါန်း | ၁ | - |
| ၂ | | COVID – 19 စီးပွားရေးထိခိုက်မှု သက်သာရေးစီမံချက် (CERP’s Action Plan) | ၁ | - |
| ၃ | | စစ်ဆေးမှုနယ်ပယ် | ၁ | ၂ |
| ၄ | | စစ်ဆေးခြင်းနှင့်အစီရင်ခံစာတင်ပြခြင်း | ၂ | - |
| ၅ | | အသုံးစရိတ်များသုံးစွဲမှု | ၂ | ၄ |
| ၆ | | အစိုးရဌာန၊အဖွဲ့အစည်း အလိုက် အသုံးစရိတ်များသုံးစွဲမှု အခြေအနေ | ၄ | ၇ |
| ၇ | | စစ်ဆေးတွေ့ရှိချက်များ | ၇ | - |
| | ၁ | အသုံးစရိတ်စာရင်းများတွင် ရုံးချုပ်နှင့်ဒေသအသုံးစရိတ် စာရင်းများ ကွဲလွဲမှု | ၇ | ၁၁ |
| | ၂ | ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနသို့ သုံးလပတ်အလိုက် အသုံးစရိတ်စာရင်းများ ပေးပို့မှုနောက်ကျခြင်း | ၁၁ | ၁၂ |
| | ၃ | ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနသို့ သုံးလပတ်အလိုက် အသုံးစရိတ် စာရင်းများ ပိုမို/လျော့နည်း ပေးပို့ထားမှု | ၁၂ | ၂၀ |
| | ၄ | အသုံးစရိတ်ပြေစာအထောက်အထားများ၊မှတ်တမ်းများပြည့်စုံစွာရရှိမှုမရှိ၍ စစ်ဆေးနိုင်မှုမရှိခြင်း | ၂၀ | ၃၃ |
| | ၅ | Covid -19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး၊ ကုစားရေးတို့နှင့် ဆက်စပ်သည့် အသုံးစရိတ်များနှင့် CERP’s Action Plan အသုံးစရိတ်များဖြင့် ဝယ်ယူထားသည့် ပစ္စည်းများ ဒေသရုံးများ သို့ပေးပို့မှုနှင့် ဖြန့်ဝေမှု အခြေအနေ | ၃၃ | ၃၄ |
| | ၆ | အိမ်ထောင်စုများအား ငွေ/ပစ္စည်းထောက်ပံ့ခြင်းနှင့် သက်သာခွင့် ပြုခြင်း | ၃၄ | - |
| | ၇ | အိမ်ထောင်စုများအား အခြေခံစားကုန်(၅)မျိုးနှင့်ငွေကြေး ထောက်ပံ့ခြင်း | ၃၄ | ၃၅ |
| | ၈ | တနင်္သာရီတိုင်းဒေသကြီးသို့လျှပ်စစ်ဓာတ်အားခကင်းလွတ်ခွင့်အတွက်ထောက်ပံ့ခြင်း | ၃၆ | - |

| စဉ် | | အကြောင်းအရာ | စာမျက်နှာ မှ | စာမျက်နှာ ထိ |
|---|---|---|---|---|
| ၁ | | ၂ | ၃ | ၄ |
| | ၉ | လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ရန်ပုံငွေစာရင်းသို့ ထည့်သွင်းထားသောCOVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ ရန်ပုံငွေစာရင်းသို့ ထည့်ဝင်ခြင်း | ၃၆ | ၃၇ |
| | ၁၀ | အိမ်ထောင်စုများအား သက်သာသောနှုန်းထားဖြင့် ရောင်းချနိုင်ရန်အတွက် အရန်ဆန်နှင့်ဆီဝယ်ယူခြင်း | ၃၇ | ၃၈ |
| | ၁၁ | အသုံးစရိတ်များသုံးစွဲရာတွင်ဘဏ္ဍာရေးစည်းမျဉ်းနှင့်ညီညွတ်မှု မရှိခြင်း | ၃၉ | ၄၁ |
| | ၁၂ | တည်ဆောက်ခြင်း/ ပစ္စည်းဝယ်ယူခြင်းများတွင် ယခင် နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အမှတ် ၁/၂၀၁၇ နှင့် ၅/၂၀၂၀ ပါ တင်ဒါလုပ်ထုံးလုပ်နည်းနှင့် ညီညွတ်မှု မရှိခြင်း | ၄၁ | ၄၂ |
| | ၁၃ | အသုံးစရိတ်များသုံးစွဲရာတွင် တည်ဆဲအခွန်ဆိုင်ရာဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့် ညီညွတ်မှု မရှိခြင်း | ၄၃ | ၄၄ |
| ၈ | | CERP's Action Plan အရ ကြွေးမြီအသုံးစရိတ်များ | ၄၄ | ၄၅ |
| | ၁ | တောင်သူများအားထုတ်ချေးခြင်း | ၄၆ | - |
| | ၂ | အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများသို့ ထုတ်ချေးခြင်း | ၄၆ | - |
| | ၃ | လက်ဘက်ရည်ဆိုင်၊စားသောက်ဆိုင်ငယ်များသို့ ထုတ်ချေးခြင်း | ၄၆ | ၄၇ |
| | ၄ | မြန်မာ့လေကြောင်းသို့ ထုတ်ချေးခြင်း | ၄၇ | - |
| | ၅ | ရုပ်ရှင်၊ သဘင်၊ စာနယ်ဇင်းနှင့် ဗွီဒီယိုလုပ်ငန်းများသို့ ထုတ်ချေးခြင်း | ၄၇ | - |
| | ၆ | အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ (MSME) သို့ ကာလတို ချေးငွေထုတ်ချေးနိုင်ရန် COVID-19 Fund သို့ ထည့်သွင်းခြင်း | ၄၈ | - |
| ၉ | | CERP's Action Plan ပါ လုပ်ငန်းစဉ်များ အကောင်အထည်ဖော်မှု အခြေအနေ | ၄၉ | - |

| စဉ် | | အကြောင်းအရာ | စာမျက်နှာ | |
|---|---|---|---|---|
| | | | မှ | ထိ |
| ၁ | | ၂ | ၃ | ၄ |
| | ၁ | CERP's Action Plan အရ ဆောင်ရွက်သည့်စီမံကိန်းများတွင် စီမံကိန်း အကောင်အထည်ဖော်ရေး လက်စွဲများ နှင့်အညီ ဆောင်ရွက်နိုင်မှုမရှိခြင်း | ၄၉ | ၅၁ |
| | ၂ | CERP's Action Plan ပါ လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ရာတွင် ပြီးစီးမှုမရှိသေးခြင်း | ၅၂ | ၅၃ |
| | ၃ | CERP's Action Plan ပါ လုပ်ငန်းစဉ်များ အကောင်အထည်ဖော်နိုင်မှုမရှိခြင်း | ၅၄ | ၅၅ |
| ၁၀ | | သုံးသပ်ချက် | ၅၆ | ၅၇ |
| ၁၁ | | အကြံပြုချက် | ၅၇ | ၆၀ |

**ဇယားမာတိကာ**



| ဇယား အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ | |
|---|---|---|---|
| | | မှ | ထိ |
| ၁ | ၂ | ၃ | ၄ |
| ၁ | ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ဌာန ၊ အဖွဲ့အစည်းအလိုက် COVID-19နှင့်CERP's Action Plan အသုံးစရိတ်များ | ၅ | ၆ |
| ၂ | CERP’s Action Plan အရ ကြွေးမြီအသုံးစရိတ် ထုတ်ချေးမှုနှင့် လက်ကျန် အခြေအနေ | ၄၅ | - |

**၂၀၁၉-၂၀၂၀ခု၊ ဘဏ္ဍာရေးနှစ်၊ အစိုးရ ဌာန၊ အဖွဲ့အစည်းများ၏ COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး၊ ကုစားရေးတို့နှင့် ဆက်စပ်သည့် အသုံးစရိတ်များနှင့် CERP's Action Plan အရ COVID-19 အသုံးစရိတ်များ၊ လုပ်ငန်းစဉ်များနှင့် စပ်လျဉ်းသည့် စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာ**

**နိဒါန်း**

၁။ မြန်မာနိုင်ငံတွင် COVID-19 ကြောင့် ပြည်သူတို့၏ လူမှုစီးပွားရေးဆိုင်ရာထိခိုက်မှုများကို ကုစားနိုင်ရေးအတွက် သုံးစွဲခဲ့သည့်အသုံးစရိတ်များအား စာရင်းစစ်ဆေးမှုခံယူရန် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန (ယခင် စီမံကိန်း၊ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန)မှ အစိုးရဌာန၊ အဖွဲ့အစည်းများ၊ ယခင်တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များသို့ ၈-၁-၂၀၂၁ ရက်စွဲပါစာဖြင့် အကြောင်းကြားခဲ့ပြီး ၂၇-၁-၂၀၂၁ ရက်စွဲပါစာဖြင့် စာရင်းစစ်ဆေးမှုတွင် ပူးပေါင်းဆောင်ရွက်ပေးရန်နှင့် ငွေတိုက်ဦးစီးဌာနသို့ အစီရင်ခံစာများပေးပို့ရန် ညှိနှိုင်းအကြောင်းကြားမှုအရ ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေနှင့်အညီ ကာကွယ်ရေးဝန်ကြီးဌာနမှအပ ဝန်ကြီးဌာန၊ အဖွဲ့အစည်း (၃၄) ခု၏ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်သည့် COVID-19 အသုံးစရိတ်များနှင့် မြန်မာနိုင်ငံ၏ ဘဏ္ဍာရေးနှင့်အရေးပေါ်ငွေကြေးထောက်ပံ့ရေးနှင့် စီးပွားရေးအစီအစဉ်များပါသည့် COVID-19 စီးပွားရေးထိခိုက်မှုသက်သာရေးစီမံချက် (COVID-19 Economic Relief Plan- CERP's Action Plan) အကောင်အထည်ဖော်မှုအခြေအနေကို စစ်ဆေးပြီး အဓိကကျသော စစ်ဆေးတွေ့ရှိချက်များကို စုစည်း၍ အစီရင်ခံစာတင်ပြခြင်း ဖြစ်ပါသည်။

**COVID-19 စီးပွားရေးထိခိုက်မှုသက်သာရေးစီမံချက် (CERP's Action Plan)**

၂။ မြန်မာနိုင်ငံသည် ဘဏ္ဍာရေးနှင့်အရေးပေါ်ငွေကြေးထောက်ပံ့ရေးနှင့် စီးပွားရေးအစီအစဉ်များပါသည့် COVID-19 စီးပွားရေးထိခိုက်မှုသက်သာရေးစီမံချက် (COVID-19 Economic Relief Plan- CERP's Action Plan) ကို ၂၈-၄-၂၀၂၀ ရက်နေ့တွင် ရေးဆွဲထုတ်ပြန်ခဲ့ပြီး COVID-19 စီးပွားရေးထိခိုက်မှုသက်သာရေးစီမံချက်တွင် ပန်းတိုင် (၇) ခု၊ မဟာဗျူဟာ (၁၀) ခု၊ လုပ်ငန်းစဉ် (၃၆) ခုနှင့် လုပ်ဆောင်ချက် (၇၈) ခု ပါဝင်ပြီး ပြည်သူတိုင်း သာမန်အသိဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်မည့် မူဝါဒဆိုင်ရာ ဆောင်ရွက်ချက်များ၊ ထူးခြားသည့် အခြေအနေအရ ဆောင်ရွက်ရမည့် ဘဏ္ဍာရေးဆိုင်ရာ အစီအမံများပါဝင်ပါသည်။

**စစ်ဆေးမှုနယ်ပယ်**

၃။ အစိုးရဌာန၊အဖွဲ့အစည်းများအားလုံး၏ ၂၀၁၉-၂၀၂၀ခု၊ဘဏ္ဍာရေးနှစ်အတွက် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်သည့် COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး၊ ကုစားရေးတို့နှင့် ဆက်စပ်သည့်အသုံးစရိတ်များ၊ CERP's Action Plan အရ COVID-19 အသုံးစရိတ်များနှင့်လုပ်ငန်းစဉ်များကို

စစ်ဆေးရာတွင် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ( ယခင်စီမံကိန်း၊ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန) ၏ ၃၀-၉-၂၀၂၀ ရက်စွဲပါ website တင်ထားသည့် တတိယသုံးလပတ်နှင့် ၃၀-၁၂-၂၀၂၀ ရက်စွဲပါ website တင်ထားသည့် စတုတ္ထသုံးလပတ်တို့အတွက် COVID-19 အသုံးစရိတ်စာရင်း၊ နှစ်ချုပ်စာရင်း/ ရသစ-၆၊ ဌာနဆိုင်ရာ ငွေစာရင်း(ဌစစာရင်း)၊ ခွင့်ပြုရန်ပုံငွေ ရရှိ/သုံးစွဲမှု အထောက်အထားများ၊ အသုံးစရိတ်ပြေစာ အထောက်အထားများ၊ ခွင့်ပြုမိန့်များ၊ ပစ္စည်းများ ဝယ်ယူ/သုံးစွဲခြင်းအတွက် ပစ္စည်းစာရင်းရေးသွင်းမှု အထောက်အထားများ၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန(ရုံးချုပ်) သို့ ပေးပို့ထားသည့် သုံးလပတ်အလိုက် COVID-19 အသုံးစရိတ်စာရင်းများ ဖြင့် စစ်ဆေးခဲ့ပြီး ယခင် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၏ ၃-၇-၂၀၂၀ ရက်စွဲပါ အကြောင်းကြားစာနှင့်အညီ ဌာနမှ စာရင်းများပြုစုထားခြင်း ရှိ၊ မရှိ နှင့် ၂၈-၄-၂၀၂၀ ရက်စွဲဖြင့် ထုတ်ပြန်ထားသည့် COVID-19 စီးပွားရေးထိခိုက်မှုသက်သာရေးစီမံချက်ပါ ပန်းတိုင်နှင့် လုပ်ငန်းစဉ်များအပေါ် ဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှု ရှိ၊မရှိ တို့ကို စစ်ဆေးခဲ့ပါသည်။

**စစ်ဆေးခြင်းနှင့်အစီရင်ခံတင်ပြခြင်း**

၄။ COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး၊ ကုစားရေးတို့နှင့် ဆက်စပ်သည့် အသုံးစရိတ်နှင့် COVID-19 စီးပွားရေးထိခိုက်မှုသက်သာရေးစီမံချက် (CERP's Action Plan) အရ အသုံးစရိတ်များအား စစ်ဆေးရာတွင် COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းစဉ်များနှင့် အခြားအခက်အခဲများ ကြောင့် စစ်ဆေးနိုင်မှုမရှိသည့်ကိစ္စရပ်များအား ဆက်လက်စစ်ဆေးအစီရင်ခံ တင်ပြသွားမည်ဖြစ်ပါသည်။

**အသုံးစရိတ်များသုံးစွဲမှု**

၅။ အစိုးရ ဌာန၊ အဖွဲ့အစည်းများအားလုံး၏ ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် တတိယ ၃ လပတ်နှင့် စတုတ္ထ ၃ လပတ် COVID-19 နှင့် CERP's Action Plan အရ အသုံးစရိတ်များမှာ Website စာရင်းအရ သာမန်အသုံးစရိတ် ကျပ် ၁,၈၀၅.၄၃၉ ဘီလီယံ၊ ငွေလုံးငွေရင်း အသုံးစရိတ် ကျပ် ၃၅၂.၂၄၄ ဘီလီယံနှင့် ကြွေးမြီအသုံးစရိတ်ကျပ် ၉၉၉.၁၀၀ ဘီလီယံစုစုပေါင်း ကျပ် ၃,၁၅၆.၆၈၃ ဘီလီယံဖြစ်ပြီး COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး၊ ကုစားရေးတို့နှင့် ဆက်စပ်သည့် အသုံးစရိတ် ကျပ် ၇၀၂.၅၃၇ ဘီလီယံ၊ COVID-19 စီးပွားရေးထိခိုက်မှုသက်သာရေးစီမံချက် (CERP's Action Plan) အရ ထောက်ပံ့အသုံးစရိတ် ကျပ် ၁,၄၅၅.၁၄၆ ဘီလီယံနှင့် ကြွေးမြီအသုံးစရိတ်ကျပ် ၉၉၉.၁၀၀ ဘီလီယံ စုစုပေါင်း ကျပ် ၃,၁၅၆.၆၈၃ ဘီလီယံ သုံးစွဲခဲ့ကြောင်း အောက်ပါအတိုင်း တွေ့ရှိရပါသည်-

(က) COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး၊ ကုစားရေးတို့နှင့် ဆက်စပ်သည့် အသုံးစရိတ် ကျပ် ၇၀၂.၅၃၇ ဘီလီယံတွင် ဝန်ထမ်းများအတွက် Mask၊ လက်အိတ်၊ PPE ဝတ်စုံများ၊ လက်သန့်ဆေးရည်ဝယ်ယူခြင်းများ၊ ပိုးသတ်ဆေးဖြန်းခြင်း၊ Core Group ဝန်ထမ်းများ အား ချီးမြှင့်ငွေပေးခြင်း၊ Video Coferencing နှင့်ဆက်စပ် အသုံးစရိတ်များ၊ မသန်စွမ်း သူများ၊ အနာကြီးရောဂါသည်များ၊ သက်ကြီးရွယ်အိုများအား ငွေသားထောက်ပံ့ခြင်း အသုံးစရိတ်များ စသည်တို့ပါဝင်ပါသည်။

(ခ) ထောက်ပံ့အသုံးစရိတ် ကျပ် ၁,၄၅၅.၁၄၆ ဘီလီယံမှာ ပုံမှန်ဝင်ငွေမရှိသော အိမ်ထောင်စု များအား အခြေခံစားကုန်(၅)မျိုး ထောက်ပံ့ခြင်း ကျပ် ၇၀.၁၉၅ ဘီလီယံ၊ ပုံမှန်ဝင်ငွေ မရှိသော အခြေခံလူတန်းစားများအား ငွေကြေးထောက်ပံ့ခြင်း ကျပ် ၃၃၄.၀၉၄ ဘီလီယံ၊ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ လျှပ်စစ်ခတ်အားခ ကင်းလွတ်ခွင့်အတွက် ထောက်ပံ့ ခြင်း ကျပ် ၃.၂၁၈ ဘီလီယံနှင့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ရန်ပုံငွေ စာရင်းသို့ ထည့်သွင်းထားသော COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသား အဆင့် ဗဟိုကော်မတီရန်ပုံငွေစာရင်းသို့ ထည့်သွင်းငွေ ကျပ် ၁,၀၄၇.၆၃၉ ဘီလီယံတို့ ဖြစ်ပါသည်။

(ဂ) ကြွေးမြီအသုံးစရိတ် ကျပ် ၉၉၉.၀၀၀ ဘီလီယံမှာ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ တောင်သူများသို့ (၁) ကေလျှင် ကျပ် ၅၀၀၀၀ နှုန်းဖြင့် ဧက (၁၂) သန်းအတွက် COVID-19 Special Relief Loan အဖြစ် ထုတ်ချေးခြင်း ကျပ် ၆၀၀.၀၀၀ ဘီလီယံ၊ မြန်မာ့စီးပွားရေး ဘဏ်မှတစ်ဆင့် အသေးစားငွေရေး ကြေးရေး အဖွဲ့အစည်းများသို့ ထုတ်ချေးခြင်း ကျပ် ၁၀၀.၀၀၀ ဘီလီယံ၊ လက်ဘက်ရည်ဆိုင် စားသောက်ဆိုင်ငယ်များသို့ ထုတ်ချေးခြင်း ကျပ် ၁၀၀.၀၀၀ ဘီလီယံ၊ မြန်မာ့လေကြောင်းသို့ထုတ်ချေးခြင်း ကျပ် ၃၄.၀၀၀ ဘီလီယံ၊ ရုပ်ရှင်၊ သဘင်၊ စာနယ်ဇင်းနှင့် ဗွီဒီယိုလုပ်ငန်းများသို့ ထုတ်ချေးခြင်း ကျပ် ၁၅.၀၀၀ ဘီလီယံ နှင့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး လုပ်ငန်းများ (MSME) သို့ ကာလတိုချေးငွေထုတ်ချေးနိုင်ရန် COVID-19 Fund သို့ ထည့်သွင်းခြင်း ကျပ် ၁၅၀.၀၀၀ ဘီလီယံတို့ဖြစ်ပါသည်။

၆။ အစိုးရဌာန၊ အဖွဲ့အစည်းများ အားလုံးမှ ရသုံးမှန်းခြေငွေဦးစီးဌာနသို့ ပေးပို့သည့် စာရင်းအရ ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး၊ ကုစားရေးတို့နှင့် ဆက်စပ်သည့်

အသုံးစရိတ်များ နှင့် CERP's Action Plan အရ COVID-19 အသုံးစရိတ်များ သုံးစွဲမှုအခြေအနေကို အောက်တွင် ဖော်ပြပါသည်-

(ကျပ်ဘီလီယံ)

| စဉ် | အသုံးစရိတ် ငွေစာရင်း ခေါင်းစဉ် | COVID-19 နှင့် CERP အသုံးစရိတ် တတိယ (၃)ပတ် | စတုတ္ထ (၃)လပတ် | စုစုပေါင်း | စုစုပေါင်း အသုံးစရိတ် (စက်တင်ဘာလ အပြီးသတ်) | စုစုပေါင်း အသုံးစရိတ် အပေါ် သုံးစွဲမှု ရာခိုင်နှုန်း |
|---|---|---|---|---|---|---|
| (က) | သာမန် | ၁၆၉.၅၄၂ | ၁,၆၃၅.၈၉၇ | ၁,၈၀၅.၄၃၉ | ၂၁,၈၁၀.၃၄၈ | ၈.၂၈% |
| (ခ) | ငွေလုံး | ၅၄.၀၄၀ | ၂၉၈.၂၀၄ | ၃၅၂.၂၄၄ | ၆,၂၁၂.၀၃၆ | ၅.၆၇% |
| (ဂ) | ကြွေးမြီ (ပြည်တွင်း) | ၆၀၀.၀၀၀ | ၃၉၉.၀၀၀ | ၉၉၉.၀၀၀ | ၁,၃၄၉.၉၉၅ | ၇၄.၀၀% |
| | **စုစုပေါင်း** | **၈၂၃.၅၈၂** | **၂,၃၃၃.၁၀၁** | **၃,၁၅၆.၆၈၃** | **၂၉,၃၇၂.၃၇၉** | **၁၀.၇၅%** |

၇။ ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ သာမန်၊ ငွေလုံး၊ ကြွေးမြီ (ပြည်တွင်း) စုစုပေါင်းအသုံးစရိတ် ကျပ် ၂၉,၃၇၂.၃၇၉ ဘီလီယံသုံးစွဲခဲ့ပြီး ယင်းတွင် COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး၊ ကုစားရေးတို့နှင့် ဆက်စပ်သည့်အသုံးစရိတ်နှင့် CERP's Action Plan အရ အသုံးစရိတ်များအတွက် ကျပ် ၃,၁၅၆.၆၈၃ ဘီလီယံ (၁၀.၇၅%) သုံးစွဲခဲ့ကြောင်း တွေ့ရှိရပါသည်။

**အစိုးရ ဌာန၊အဖွဲ့အစည်းများအလိုက် အသုံးစရိတ်များသုံးစွဲမှု အခြေအနေ**

၈။ ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး၊ ကုစားရေးတို့နှင့် ဆက်စပ်သည့်အသုံးစရိတ်များနှင့် CERP's Action Plan အရ COVID-19 အသုံးစရိတ်များကို အစိုးရဌာန၊ အဖွဲ့အစည်းများအလိုက် အောက်ပါ ဇယား (၁) ဖြင့် ဖော်ပြပါသည်-

ဇယား( ၁ )

**အစိုးရဌာန၊ အဖွဲ့အစည်းများအလိုက် ၂၀၁၉-၂၀၂၀ခု၊ ဘဏ္ဍာရေးနှစ် COVID-19 နှင့် CERP's Action Plan အသုံးစရိတ်များ**

**(ကျပ်သန်း)**

| စဉ် | | | ဌာန/အဖွဲ့အစည်း | သာမန် | ငွေလုံး | ကြွေးမြီ | စုစုပေါင်း |
|---|---|---|---|---|---|---|---|
| ၁ | | | ၂ | ၃ | ၄ | ၅ | ၆ |
| **၁** | | | **ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ** | | | | |
| | **၁** | | **ဗဟိုအဖွဲ့အစည်းများ** | **၃,၂၁၅.၃၀၁** | **၅.၂၅၀** | - | **၃,၂၂၀.၅၅၁** |
| | | ၁ | ပြည်ထောင်စုအစိုးရအဖွဲ့ရုံး | ၂၉.၀၂၄ | - | - | ၂၉.၀၂၄ |
| | | ၂ | ပြည်ထောင်စုလွှတ်တော်ရုံး | ၁.၉၂၁ | - | - | ၁.၉၂၁ |
| | | ၃ | ပြည်သူ့လွှတ်တော်ရုံး | ၂.၀၁၀ | ၅.၂၅၀ | - | ၇.၂၆၀ |
| | | ၄ | အမျိုးသားလွှတ်တော်ရုံး | ၄.၆၆၀ | - | - | ၄.၆၆၀ |
| | | ၅ | ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး | ၄၈.၆၄၉ | - | - | ၄၈.၆၄၉ |
| | | ၆ | နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာခုံရုံး | ၃.၂၇၉ | - | - | ၃.၂၇၉ |
| | | ၇ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး | ၂,၆၄၃.၈၄၅ | - | - | ၂,၆၄၃.၈၄၅ |
| | | ၈ | ပြည်ထောင်စုရှေ့နေချုပ်ရုံး | ၁၀.၅၅၄ | - | - | ၁၀.၅၅၄ |
| | | ၉ | ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး | ၅၀.၇၃၀ | - | - | ၅၀.၇၃၀ |
| | | ၁၀ | ပြည်ထောင်စုရာထူးဝန်အဖွဲ့ | ၄၁၄.၉၁၃ | - | - | ၄၁၄.၉၁၃ |
| | | ၁၁ | ယခင် နိုင်ငံတော်သမ္မတရုံး | ၅.၇၁၆ | - | - | ၅.၇၁၆ |
| | **၂** | | **ပြည်ထောင်စုဝန်ကြီးဌာနများ** | **၁,၇၈၁,၅၆၁.၂၃၆** | **၃၅၂,၂၁၆.၉၇၉** | **၉၉၉,၀၀၀.၀၀၀** | **၃,၁၃၂,၇၇၈.၂၁၅** |
| | | ၁ | ကာကွယ်ရေး | ၁၂၄,၀၄၅.၅၃၂ | ၁၀၉,၃၄၆.၈၅၂ | - | ၂၃၃,၃၉၂.၃၈၄ |
| | | ၂ | ပြည်ထဲရေး | ၁,၃၂၃.၉၉၂ | ၉.၉၃၇ | - | ၁,၃၃၃.၉၂၉ |
| | | ၃ | နိုင်ငံခြားရေး | ၂၁.၂၄၅ | - | - | ၂၁.၂၄၅ |
| | | ၄ | ပြည်ထောင်စုအစိုးရအဖွဲ့ရုံး | ၈၀၆.၂၃၁ | - | - | ၈၀၆.၂၃၁ |
| | | ၅ | နယ်စပ်ရေးရာ | ၆၇.၇၅၀ | - | - | ၆၇.၇၅၀ |
| | | ၆ | ယခင် စီမံကိန်းဘဏ္ဍာရေးနှင့်စက်မှု | ၁,၄၅၅,၈၄၇.၅၀၈ | - | ၉၉၉,၀၀၀.၀၀၀ | ၂,၄၅၄,၈၄၇.၅၀၈ |
| | | ၇ | ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွား ဆက်သွယ်ရေး | ၁၃၁.၈၄၆ | ၈.၃၈၀ | - | ၁၄၀.၂၂၆ |
| | | ၈ | အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး | - | - | - | - |

**(ကျပ်သန်း)**

| စဉ် | | | ဌာန/အဖွဲ့အစည်း | သာမန် | ငွေလုံး | ကြွေးမြီ | စုစုပေါင်း |
|---|---|---|---|---|---|---|---|
| | | ၉ | ပြန်ကြားရေး | ၂၂၇.၁၆၆ | - | - | ၂၂၇.၁၆၆ |
| | | ၁၀ | သာသနာရေးနှင့်ယဉ်ကျေးမှု | ၁၀၇.၁၀၆ | - | - | ၁၀၇.၁၀၆ |
| | | ၁၁ | စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်း | ၂၃,၆၆၅.၁၅၄ | ၆၉,၆၂၂.၄၀၄ | - | ၉၃,၂၈၇.၅၅၈ |
| | | ၁၂ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး | ၁၉၆.၁၄၆ | ၆၈.၂၀၀ | - | ၂၆၄.၃၄၆ |
| | | ၁၃ | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး | ၈၈.၆၈၈ | ၂၀.၇၀၀ | - | ၁၀၉.၃၈၈ |
| | | ၁၄ | လျှပ်စစ်နှင့်စွမ်းအင် | ၁၅၈.၈၉၈ | - | - | ၁၅၈.၈၉၈ |
| | | ၁၅ | အလုပ်သမား၊လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အား | ၁၆.၂၆၀ | - | - | ၁၆.၂၆၀ |
| | | ၁၆ | စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး | ၂၉,၄၉၆.၀၅၃ | ၅၁.၀၃၇ | - | ၂၉,၅၄၇.၀၉၀ |
| | | ၁၇ | ပညာရေး | ၁၈,၀၄၆.၃၁၅ | ၇၇၄.၆၀၀ | - | ၁,၈၈၂၀.၉၁၅ |
| | | ၁၈ | ကျန်းမာရေးနှင့်အားကစား | ၉၆,၀၆၅.၆၇၅ | ၄၁,၈၂၇.၃၆၉ | - | ၁၃၇,၈၉၃.၀၄၄ |
| | | ၁၉ | ဆောက်လုပ်ရေး | ၃၇၅.၅၂၆ | ၁၃၀,၀၀၀.၀၀၀ | - | ၁၃၀,၃၇၅.၅၂၆ |
| | | ၂၀ | လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချ ထားရေး | ၃၀,၈၃၂.၀၁၀ | ၄၈၇.၅၀၀ | - | ၃၁,၃၁၉.၅၁၀ |
| | | ၂၁ | ဟိုတယ်နှင့်ခရီးသွားလာရေး | ၂၄.၄၂၆ | - | - | ၂၄.၄၂၆ |
| | | ၂၂ | တိုင်းရင်းသားလူမျိုးများရေးရာ | ၈.၄၄၇ | - | - | ၈.၄၄၇ |
| | | ၂၃ | ယခင် နိုင်ငံတော်အတိုင်ပင်ခံရုံး | ၉.၂၆၂ | - | - | ၉.၂၆၂ |
| ၂ | | | **ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေပြင်ပ** | **၂၀,၆၆၂.၁၇၇** | **၂၂.၀၉၇** | | **၂၀,၆၈၄.၂၇၄** |
| | | ၁ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး | ၁၂၅.၈၆၃ | - | - | ၁၂၅.၈၆၃ |
| | | ၂ | လျှပ်စစ်နှင့်စွမ်းအင် | ၃၈.၁၅၃ | - | - | ၃၈.၁၅၃ |
| | | ၃ | လူမှုဖူလုံရေးအဖွဲ့ | ၂၀,၃၂၁.၀၉၄ | ၂၂.၀၉၇ | - | ၂၀,၃၄၃.၁၉၁ |
| | | ၄ | နေပြည်တော်စည်ပင်သာယာရေးကော်မတီ | ၁၄၄.၁၉၁ | - | - | ၁၄၄.၁၉၁ |
| | | ၅ | မြန်မာနိုင်ငံတော်ဗဟိုဘဏ် | ၃၂.၈၇၆ | - | - | ၃၂.၈၇၆ |
| | | | **စုစုပေါင်း** | **၁,၈၀၅,၄၃၈.၇၁၄** | **၃၅၂,၂၄၄.၃၂၆** | **၉၉၉,၀၀၀.၀၀၀** | **၃,၁၅၆,၆၈၃.၀၆၀** |

၉။ ဇယား ( ၁ ) အရ အောက်ပါတို့ကိုတွေ့ရှိရပါသည်-

(က) သာမန်အသုံးစရိတ်တွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန (ယခင် စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန)မှ အများဆုံးသုံးစွဲပြီး ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယအများဆုံးသုံးစွဲထားပါသည်။

(ခ) ငွေလုံးငွေရင်း အသုံးစရိတ်တွင် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ အများဆုံးသုံးစွဲပြီး ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယအများဆုံးသုံးစွဲထားပါသည်။

(ဂ) ကြွေးမြီ(ပြည်တွင်း)အသုံးစရိတ်မှာ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန (ယခင် စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန) ၏ အသုံးစရိတ်ဖြစ်ပါသည်။

**စစ်ဆေးတွေ့ရှိချက်များ**

၁၀။ ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး၊ ကုစားရေးတို့နှင့် ဆက်စပ်သည့် အသုံးစရိတ်များ၊ CERP's Action Plan အရ အသုံးစရိတ်များနှင့် လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်မှုနှင့်စပ်လျဉ်းသည့် စစ်ဆေးတွေ့ရှိချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

**အသုံးစရိတ်စာရင်းများတွင် ရုံးချုပ်နှင့်ဒေသအသုံးစရိတ်စာရင်းများကွဲလွဲမှု**

၁၁။ အစိုးရ ဌာန၊ အဖွဲ့အစည်းများ၏ ဦးစီးဌာန/လုပ်ငန်း (ရုံးချုပ်) စာရင်းများအရ အသုံးစရိတ်နှင့် ဒေသရုံးများ၏အသုံးစရိတ်များ ကွဲလွဲမှုအခြေအနေကို အောက်တွင် ဖော်ပြပါသည်။

**(က) လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**

(၁) မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း (ရုံးချုပ်) စာရင်းအရ အမှတ်(၂)ဓာတ်မြေဩဇာစက်ရုံ (ကျွန်းချောင်း) ၏ သ-၀၄၉ (၁၈) လုပ်ငန်းခွင် အန္တရာယ်ကာကွယ်ရန် ပစ္စည်းစရိတ်ခေါင်းစဉ်မှ သုံးစွဲငွေမှာ ကျပ်သန်း ၀.၄၀၀ ဖြစ်သော်လည်း မကွေးတိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံး၏ စစ်ဆေးတွေ့ရှိချက်အရ Mask ၊ Tissue၊ ကာဘော်လစ်ဆပ်ပြာ၊ Hand Gel၊ အမှိုက်ပုံး၊ ပိုးသတ်ဆေး၊ Hand Speaker ၊ လက်အိတ်၊ ရော်ဘာလက်အိတ်၊ လယ်ရှည်ဖိနပ်၊ စတီးဘေစင်၊ လက်ဆေးဆပ်ပြာရည်၊ ကြွေဆေးရည်ဝယ်ယူခြင်း ကျပ်သန်း ၀.၇၀၀ ဖြစ်သဖြင့် ကျပ်သန်း ၀.၃၀၀ ကွာခြားနေခြင်းမှာ ဒုတိယသုံးလပတ် အသုံးစရိတ်

ကျပ်သန်း၀.၂၀၀မှာ တိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံးသို့ စာရင်းစစ်ဆေးခံရာတွင် ပါ၀င်ခဲ့ခြင်း နှင့် စတုတ္ထသုံးလပတ်အသုံးစရိတ် ကျပ်သန်း ၀.၁၀၀ မှာ ရုံးချုပ်မှ ပေးပို့သည့် စာရင်းတွင် ပါ၀င်မှု မရှိခြင်းကြောင့်ဖြစ်ခြင်း၊

(၂) လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း(ရုံးချုပ်)၏ စာရင်းအရ မကွေးတိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာရုံး၏ သ-၂၁၄(၁၃) ဆေးကုသစရိတ်မှ သုံးစွဲငွေမှာ ကျပ်သန်း ၃.၆၀၉ ဖြစ်သော်လည်း မကွေးတိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံး၏ စစ်ဆေးတွေ့ရှိချက်အရ ကျပ်သန်း ၀.၄၀၅ ဖြစ်သဖြင့် ကျပ်သန်း ၃.၂၀၄ ကွာခြားနေခြင်း၊

**(ခ) ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

(၁) ပြည်သူ့ကျန်းမာရေးဦးစီးဌာန

(ကက) ကရင်ပြည်နယ်စာရင်းစစ်ချုပ်ရုံး၏အစီရင်ခံစာအရ ကရင်ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၏ အသုံးစရိတ် ကျပ်သန်း၂၇.၁၂၀ ဖြစ်ပြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန(ရုံးချုပ်)၏ စာရင်းအရ COVID-19 အသုံးစရိတ် ကျပ်သန်း ၁၆၉.၆၈၀၊ CERP အသုံးစရိတ် ကျပ်သန်း ၂၂၂.၁၂၂ စုစုပေါင်း ကျပ်သန်း ၃၉၁.၈၀၂ ဖြစ်၍ ကွဲလွဲမှုဖြစ်ပေါ်နေခြင်း၊

(ခခ) မကွေးတိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံး၏ အစီရင်ခံစာအရ COVID-19 အသုံးစရိတ် ကျခံသုံးစွဲမှုများအဖြစ် မကွေးတိုင်းဒေသကြီး၊ မျက်ခမ်းစပ် နှင့် မျက်မမြင်ကာကွယ်ရေးဌာနမှ ကျပ်သန်း ၁.၅၅၀၊ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန မှ ကျပ်သန်း ၇၄၃.၈၇၀ စုစုပေါင်း ကျပ်သန်း ၇၄၅.၄၂၀ သုံးစွဲခဲ့ပြီး ပြည်သူ့ကျန်းမာရေး ဦးစီးဌာန(ရုံးချုပ်)၏ စာရင်းအရ COVID-19 အသုံးစရိတ် ကျပ်သန်း ၆၂၃.၀၃၃၊ CERP အသုံးစရိတ် ကျပ်သန်း ၇၀၄.၀၇၀ စုစုပေါင်း ကျပ်သန်း၁၃၂၇.၁၀၃ ဖြစ်၍ ကွဲလွဲမှုဖြစ်ပေါ်နေခြင်း၊

(၂) ကုသရေးဦးစီးဌာန

(ကက) ကရင်ပြည်နယ်စာရင်းစစ်ချုပ်ရုံး၏ အစီရင်ခံစာအရ COVID-19 အသုံးစရိတ် ကျခံသုံးစွဲမှုများအဖြစ် ကရင်ပြည်နယ် ကုသရေးဦးစီးဌာန

တွင် ကျပ်သန်း ၂၆၂.၉၅၀၊ ကရင်ပြည်နယ် ပြည်သူ့ဆေးရုံကြီးတွင် ကျပ်သန်း ၅၆.၂၀၀ စုစုပေါင်း အသုံးစရိတ် ကျပ်သန်း ၃၁၉.၁၅၀ ဖြစ်ပြီး ရုံးချုပ်မှ ဘတ်ဂျက်ခွဲဝေမှု စုစုပေါင်းမှာ COVID-19 အသုံးစရိတ် ကျပ်သန်း ၃၉၅.၇၅၃ ဖြစ်၍ ကွဲလွဲမှု ဖြစ်ပေါ်နေခြင်း၊

(ခခ) တနင်္သာရီတိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံး၏ အစီရင်ခံစာအရ COVID-19 အသုံးစရိတ် ကျခံသုံးစွဲမှုများအဖြစ် တနင်္သာရီတိုင်းဒေသကြီး ကုသရေး ဦးစီးဌာနတွင် ကျပ်သန်း ၁၉၂.၇၃၁၊ ထားဝယ်ဆေးရုံကြီးတွင် ကျပ်သန်း ၁၆၀.၀၉၉၊ မြိတ်ဆေးရုံကြီးတွင် ကျပ်သန်း ၁၀၁.၄၁၇ စုစုပေါင်း အသုံးစရိတ် ကျပ်သန်း ၄၅၄.၂၄၇ ဖြစ်ပြီး၊ ရုံးချုပ်မှ ဘတ်ဂျက် ခွဲဝေမှုစုစုပေါင်းမှာ ကျပ်သန်း ၄၀၁.၁၆၇ ဖြစ်၍ ကွဲလွဲမှုဖြစ်ပေါ်နေခြင်း၊

(ဂဂ) ပဲခူးတိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံး၏ အစီရင်ခံစာအရ COVID-19 အသုံးစရိတ် ကျခံသုံးစွဲမှုများအဖြစ် ပဲခူးတိုင်းဒေသကြီး ကုသရေးဦးစီး ဌာနတွင် ကျပ်သန်း၇၈၂.၆၀၀၊ ခုတင်(၅၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီး(ပဲခူး) တွင် ကျပ်သန်း၂၇၁.၇၅၇၊ ပြည်ဆေးရုံကြီးတွင် ကျပ်သန်း ၃၃၆.၆၂၉ ၊ တောင်ငူဆေးရုံကြီးတွင် ကျပ်သန်း ၁၄၅.၆၂၀ စုစုပေါင်း အသုံးစရိတ် ကျပ်သန်း ၁,၅၃၆.၆၀၆ သုံးစွဲခဲ့ပြီး ရုံးချုပ်မှ ဘတ်ဂျက်ခွဲဝေပေးမှုမှာ ကျပ်သန်း ၁,၂၁၅.၄၄၀ ဖြစ်သဖြင့် ကွဲလွဲမှု များ ဖြစ်ပေါ်နေခြင်း ၊

(ဃဃ) မကွေးတိုင်းဒေသကြီး စာရင်းစစ်ချုပ်ရုံး၏ အစီရင်ခံစာအရ COVID-19 အသုံးစရိတ် ကျခံသုံးစွဲမှုများအဖြစ် မကွေးတိုင်းဒေသကြီး ကုသရေးဦးစီး ဌာနတွင် ကျပ်သန်း ၂၉၉.၄၀၀၊ မကွေးတိုင်းဒေသကြီးပြည်သူ့ဆေးရုံကြီး တွင် ကျပ်သန်း ၂၆၇.၃၅၀၊ ခုတင် (၂၀၀) ဆံ့သင်ကြားရေး ဆေးရုံတွင် ကျပ်သန်း ၁၂၉.၀၈၂ ၊ ပခုက္ကူဆေးရုံတွင် ကျပ်သန်း ၃၂၅.၆၁၉ စုစုပေါင်း အသုံးစရိတ် ကျပ်သန်း ၁,၀၂၁.၄၅၁ သုံးစွဲခဲ့ပြီး၊ရုံးချုပ်မှ ဘတ်ဂျက်ခွဲဝေမှု စုစုပေါင်းမှာ COVID-19 အသုံးစရိတ် ကျပ်သန်း ၁,၀၅၅.၃၂၁ ဖြစ်၍ ကွဲလွဲမှု ဖြစ်ပေါ်နေခြင်း၊

(ငင) မွန်ပြည်နယ်စာရင်းစစ်ချုပ်ရုံး၏ အစီရင်ခံစာအရ COVID-19 အသုံးစရိတ် ကျခံသုံးစွဲမှုများအဖြစ် မွန်ပြည်နယ် ဒေသကုသရေးဦးစီးဌာနများ တွင် ကျပ်သန်း ၁၂၃.၅၃၀၊ ခုတင် (၅၀၀) ဆံ့ ဆေးရုံ၊ မော်လမြိုင်တွင် ကျပ်သန်း ၃၆၄.၂၅၅ စုစုပေါင်းအသုံးစရိတ် ကျပ်သန်း ၄၈၇.၇၈၅ ဖြစ်ပြီး၊ ရုံးချုပ်မှ ဘတ်ဂျက်ခွဲဝေမှုစုစုပေါင်းမှာ ကျပ်သန်း ၇၆၈.၅၁၉ ဖြစ်သဖြင့် ကွဲလွဲမှု ဖြစ်ပေါ်နေခြင်း၊

(စစ) နေပြည်တော်စာရင်းစစ်ရုံး၏ အစီရင်ခံစာအရ COVID-19 အသုံးစရိတ် ကျခံသုံးစွဲမှုများအဖြစ် ကလေးရောဂါ အထူးကုဆေးရုံကြီးတွင် ကျပ်သန်း ၃၄.၀၅၀၊ သားဖွားမီးယပ်ရောဂါ အထူးကုဆေးရုံကြီးတွင် ကျပ်သန်း ၆၀.၆၅၀၊ ခုတင် (၃၀၀) ဆံ့ ဆေးရုံတွင် ကျပ်သန်း ၇၁.၀၇၈၊ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ အထူးကုဆေးရုံကြီးတွင် ကျပ်သန်း ၃၅.၉၀၀၊ ခုတင် (၅၀) ဆံ့ ဆေးရုံ ဇေယျာသီရိမြို့နယ်တွင် ကျပ်သန်း ၁၄.၀၅၀၊ ဇမ္ဗူသီရိမြို့နယ် ကုသရေးဦးစီးဌာနတွင် ကျပ်သန်း ၈.၁၅၀ စုစုပေါင်းအသုံးစရိတ် ကျပ်သန်း ၂၂၃.၈၇၈ ဖြစ်ပြီး ရုံးချုပ်မှဘတ်ဂျက်ခွဲဝေမှု စုစုပေါင်းမှာ ကျပ်သန်း ၁,၁၄၄.၆၈၇ ဖြစ်၍ ကွဲလွဲမှု ဖြစ်ပေါ်နေခြင်း ၊

(၃) ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန

(ကက)တနင်္သာရီတိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံး၏ အစီရင်ခံစာ အရ သားဖွားသင်တန်းကျောင်း (မြိတ်)၏ အသုံးစရိတ်မှာ ကျပ်သန်း ၀.၅၀၀ ဖြစ်ပြီး ရုံးချုပ်မှ ဘတ်ဂျက်ခွဲဝေပေးမှုမှာ ကျပ်သန်း ၀.၆၁၆ ဖြစ်၍ ကွဲလွဲမှုများ ဖြစ်ပေါ်နေခြင်း၊

(ခခ) မကွေးတိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံး၏ အစီရင်ခံစာအရ COVID-19 အသုံးစရိတ်ကျခံသုံးစွဲမှုများအဖြစ် အခြေခံကျန်းမာရေး တက္ကသိုလ် (မကွေး) တွင် ကျပ်သန်း ၀.၉၁၁ ၊ မကွေးဆေးတက္ကသိုလ်တွင် ကျပ်သန်း ၁၃.၃၆၈ စုစုပေါင်းအသုံးစရိတ် ကျပ်သန်း၁၄.၂၇၉ သုံးစွဲခဲ့ပြီး

ရုံးချုပ်မှ ဘတ်ဂျက်ခွဲဝေပေးမှုမှာ ကျပ်သန်း ၁၄.၅၉၂ ဖြစ်သဖြင့် ကွဲလွဲမှု ဖြစ်ပေါ်နေခြင်း၊

(၄) တိုင်းရင်းဆေးပညာဦးစီးဌာနတွင် မွန်ပြည်နယ်စာရင်းစစ်ချုပ်ရုံး၏ အစီရင်ခံစာအရ မွန်ပြည်နယ် တိုင်းရင်းဆေးပညာဦးစီးဌာန အောက်ရှိ ဒေသရုံးများ၏ အသုံးစရိတ်မှာ ကျပ်သန်း ၀.၄၇၂ ဖြစ်ပြီး ရုံးချုပ်မှ ဘတ်ဂျက် ခွဲဝေပေးမှုမှာ ကျပ်သန်း ၀.၀၅၀ ဖြစ်သဖြင့်ကွဲလွဲမှုဖြစ်ပေါ်နေခြင်း၊

၁၂။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနနှင့်ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန အောက်ရှိ ဦးစီးဌာန/လုပ်ငန်း(ရုံးချုပ်)များတွင် စာရင်းတင်ထားသည့် အသုံးစရိတ်များနှင့် တိုင်းဒေသကြီး/ပြည်နယ်များ ရှိ ဒေသရုံးများ၏ အသုံးစရိတ်စာရင်းတို့ ကွဲလွဲမှုဖြစ်ပေါ်နေခြင်း နှင့်စပ်လျဉ်း၍ ပြန်လည်စိစစ်ဆောင်ရွက်ရန် လိုအပ် ကြောင်း သုံးသပ်ပါသည်။

**ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနသို့သုံးလပတ်အလိုက်အသုံးစရိတ်စာရင်းများပေးပို့မှုနောက်ကျခြင်း**

၁၃။ အစိုးရ ဌာန၊ အဖွဲ့အစည်းများ၏ သုံးလပတ်အလိုက် အသုံးစရိတ်စာရင်းများအား ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနသို့ ပေးပို့ရာတွင် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန (ယခင် စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန)၏ ၃-၇-၂၀၂၀ ရက်စွဲပါ စာအမှတ်၊ စဘစ/ဘဏ္ဍာ-၄/၁/၁၅ (၂၃၄၆/၂၀၂၀) ဖြင့် ညွှန်ကြားချက်အရ စာရင်းပြုလ၏ နောက်ဒုတိယလ ၂၄ ရက်နေ့တွင် နောက်ဆုံးထားပေးပို့ရန် ဖြစ်သော်လည်း သတ်မှတ်ရက်ထက် နောက်ကျပေးပို့ထားကြောင်း အောက်ပါအတိုင်း တွေ့ရှိရပါသည်-

**(က) စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန(ယခင် စီမံကိန်း၊ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန)** အောက်ရှိ အောက်ဖော်ပြပါ ဦးစီးဌာနများမှာ သတ်မှတ်ရက်ထက် အောက်ပါအတိုင်း နောက်ကျပေးပို့ထားခြင်း-

| စဉ် | ဌာန/ အဖွဲ့အစည်း | သုံးလပတ် | ပေးပို့ရမည့်နေ့ | ပေးပို့သည့်နေ့ |
|---|---|---|---|---|
| ၁ | စီမံကိန်း၊စိစစ်ရေးနှင့်တိုးတက်မှု အစီရင်ခံရေးဦးစီးဌာန | တတိယ | ၂၄.၈.၂၀၂၀ | ၃၁.၈.၂၀၂၀ |
| ၂ | ပင်စင်ဦးစီးဌာန | စတုတ္ထ | ၂၄.၁၁.၂၀၂၀ | ၂၆.၁၁.၂၀၂၀ |
| ၃ | ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးဦးစီးဌာန | စတုတ္ထ | ၂၄.၁၁.၂၀၂၀ | ၁.၁၂.၂၀၂၀ |

**(ခ) မြန်မာနိုင်ငံတော်ဗဟိုဘဏ်**၏ သုံးလပတ်အလိုက် အသုံးစရိတ်စာရင်းများအား ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနသို့ ပေးပို့ရာတွင် စတုတ္ထသုံးလပတ် အသုံးစရိတ်စာရင်း

အား နိုဝင်ဘာလ (၂၄) ရက်နေ့တွင် ပေးပို့နိုင်မှုမရှိဘဲ ဒီဇင်ဘာလ (၇) ရက်နေ့ တွင်မှ ပေးပို့ထားခြင်း၊

၁၄။ သုံးလပတ်အလိုက် COVID-19 အသုံးစရိတ်စာရင်းများအား ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန သို့ ပေးပို့ရာတွင် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန(ယခင် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန) ၏ ညွှန်ကြားချက်နှင့်အညီ သတ်မှတ်ရက်အတွင်း ပေးပို့နိုင်ရေး စီမံကြီးကြပ်မှု အားနည်းကြောင်း သုံးသပ်ပါသည်။

**ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနသို့ သုံးလပတ်အလိုက် အသုံးစရိတ်စာရင်းများ ပိုမို/လျော့နည်း ပေးပို့ထားမှု**

၁၅။ အစိုးရ ဌာန၊ အဖွဲ့အစည်းများ၏ သုံးလပတ်အလိုက် COVID-19 အသုံးစရိတ်စာရင်းများအား ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနသို့ပေးပို့ရာတွင် COVID-19 အသုံးစရိတ်နှင့် မသက်ဆိုင်သည့် အသုံးစရိတ်များပါဝင်နေခြင်းနှင့် အသုံးစရိတ်တချို့ပါဝင်မှုမရှိကြောင်း အောက်ပါအတိုင်း တွေ့ရှိရပါသည်-

(က) **ယခင်နိုင်ငံတော်သမ္မတရုံး** မှ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနသို့ ပေးပို့သည့် စာရင်းအရ COVID-19 အသုံးစရိတ် စုစုပေါင်းကျပ် ၅,၇၁၆,၁၄၇ တွင် တတိယသုံးလပတ် အသုံးစရိတ် စာရင်း၌ COVID-19 အသုံးစရိတ်နှင့် သက်ဆိုင်မှုမရှိသည့် ၀၃-၀၁၊ လုပ်အားအတွက် ကုန်ကျစရိတ်ခေါင်းစဉ်မှ အခြားပြင်ဆင်ခြင်းလုပ်အားခ ကျပ် ၂၀,၀၀၀ ပါဝင်နေခြင်းနှင့် ၀၃-၀၇ တံဆိပ်ခေါင်း၊ ကြေးနန်း၊ တယ်လီဖုန်းခေါင်းစဉ်မှ COVID-19 ရောဂါနှင့်စပ်လျဉ်း၍ အကြံပြုစာများအပေါ် စိစစ်ပြန်ကြားရေး ဆပ်ကော်မတီ ရုံးခန်းတွင်သုံးရန် ဝယ်ယူသည့် တယ်လီဖုန်းကြိုး(၃)ချောင်းတန်ဖိုး ကျပ် ၇,၂၀၀ ပါဝင်မှုမရှိခဲ့ခြင်း တို့ကြောင့် ကျပ် ၁၂,၈၀၀ ပိုမိုနေပြီး COVID-19 နှင့် သက်ဆိုင်သည့် အသုံးစရိတ်မှာ ကျပ် ၅,၇၀၃,၃၄၇ ဖြစ်ခြင်း ၊

(ခ) **ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး**၏ ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ၀၄-၀၉၊ အခြားအသုံးစရိတ်မှ COVID-19 ရောဂါကာကွယ်ရေးအတွက်အသုံးစရိတ်များနှင့် သက်ဆိုင်မှုမရှိသည့် အစည်းအဝေးခန်းမစတိတ်စင်နှင့် စကားပြောစင် ဆေးသုတ် ပြင်ဆင်ခြင်း ကျပ် ၆၆၅,၀၀၀ သုံးစွဲထားပြီး COVID-19 အသုံးစရိတ်အဖြစ် စာရင်းတင်ခဲ့သဖြင့် ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနသို့ ပေးပို့ထားသည့် စတုတ္ထသုံးလပတ် COVID-19 အသုံးစရိတ်စာရင်းတွင် ကျပ် ၆၆၅,၀၀၀ ပိုမိုနေခြင်း၊

(ဂ) **ပြည်ထောင်စုရာထူးဝန်အဖွဲ့(ဥက္ကဋ္ဌရုံး)** ၏ ၂၀၁၉-၂၀၂၀ခု၊ ဘဏ္ဍာရေးနှစ်အတွင်း ၀၅-၀၈၊ လက်ဆောင်ပေးခြင်းနှင့် အလှူဒါနခေါင်းစဉ်မှ အမှန်သုံးစွဲမှုမှာ ကျပ်သန်း ၀.၉၉၅ ဖြစ်သော်လည်း ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနသို့ပေးပို့သည့်စာရင်းအရကျပ်သန်း ၀.၇၉၀ ဖြစ်သဖြင့်ကျပ်သန်း ၀.၂၀၅ ကွာခြားရခြင်းမှာ နေပြည်တော် ပြည်သူ့ဆေးရုံကြီး ကုတင် (၁၀၀၀) နှင့် တပ်မတော်အမှတ် (၂) ဆေးရုံကြီးကုတင် (၁၀၀၀) တို့သို့ အထောက်အကူပြု ပစ္စည်းများ လှူဒါန်းခြင်းအတွက် ကျသင့်ငွေ ကျပ်သန်း ၂.၂၉၅ ကို ဥက္ကဋ္ဌရုံးအဖွဲ့၊ ဝန်ထမ်း ရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန၊ ဝန်ထမ်းရေးရာဦးစီးဌာန (၃) ခုတို့မှ အချိုးကျ ကျခံသုံးစွဲခြင်း ဖြစ်ပြီး အချိုးကျ ကောက်ခံရငွေမှာ ကျပ်သန်း၂.၀၉၀ ဖြစ်သဖြင့် လိုငွေ ကျပ်သန်း ၀.၂၀၅ ကို ဥက္ကဋ္ဌရုံးအဖွဲ့၏ ၀၅-၀၈၊ လက်ဆောင်ပေးခြင်းနှင့် အလှူဒါနခေါင်းစဉ်မှ ကျခံသုံးစွဲခဲ့ပြီး COVID–19 အသုံးစရိတ် စာရင်းပေးပို့ရာတွင် ပါဝင်ခဲ့မှု မရှိခြင်းကြောင့် ဖြစ်ခြင်း၊

(ဃ) **ပြည်ထဲရေးဝန်ကြီးဌာန**၊အကျဉ်းဦးစီးဌာန (ရုံးချုပ်) ၏ Multi - Functional Hand Sanitizer Dispenser Stand ၁၀ ခု ဝယ်ယူခြင်း ကျပ်သန်း ၁.၉၀၀၊ Surgical Mask ၁၀၀၀ ခု ဝယ်ယူခြင်း ကျပ်သန်း ၀.၄၀၀ နှင့် ဘေစင်ပြုလုပ်ခြင်း ကျပ်သန်း ၀.၁၁၄ စုစုပေါင်း ကျပ်သန်း ၂.၄၁၄ မှာ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနသို့ သုံးလပတ် အလိုက် COVID-19 အသုံးစရိတ် စာရင်းများ ပေးပို့ရာတွင် ပါဝင်မှု မရှိခြင်း၊

(င) **နိုင်ငံခြားရေးဝန်ကြီးဌာန၊** ပြည်ထောင်စုဝန်ကြီးရုံး၊ နိုင်ငံခြားရေးရာဦးစီးဌာန ၊ မြန်မာ သံတမန်နှင့် ကောင်စစ်ဝန်အဖွဲ့များ ၏ COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး၊ ကုစားရေးတို့နှင့် ဆက်စပ်သည့် သုံးလပတ်အလိုက် အသုံးစရိတ်များကို ရသုံးမှန်းခြေ ငွေစာရင်းဦးစီးဌာနသို့ပေးပို့ရာတွင် တတိယသုံးလပတ်စာရင်း၌ COVID-19 အသုံးစရိတ် မဟုတ်သော သန့်ရှင်းရေးသုံး ပစ္စည်းများ (ကြမ်းတိုက်တုတ်၊ ဂေါ်ပြားရှည်၊ တံမျက်စည်း၊ အမှိုက်သိမ်းအိတ်၊ ပရပ်ပြား၊ ဆပ်ပြာ၊ သော့စသည်) ဝယ်ယူခြင်း အသုံးစရိတ် ကျပ်သန်း ၀.၁၄၀ ပါဝင်နေခြင်းနှင့် အမှန်အသုံးစရိတ်ပြေစာထက် ကာကွယ်ရေးသုံး ပစ္စည်း ကျပ်သန်း ၀.၀၁၆ လျော့နည်း ဖော်ပြခဲ့ခြင်း ၊

(စ) **နယ်စပ်ရေးရာဝန်ကြီးဌာန၊** ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန (ရုံးချုပ်) မှ ရှောဝတီ တိုင်းဒေသကြီး ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနသို့ COVID-19 ကာကွယ်ရေး အတွက် ခွဲဝေချထားပေးသည့် ရန်ပုံငွေမှာ ကျပ်သန်း ၂.၉၄၀ ဖြစ်ပြီး အမှန်သုံးစွဲမှုမှာ

ကျပ်သန်း ၃.၈၂၈ ဖြစ်သဖြင့် ကျပ်သန်း ၀.၈၈၈ ကွာခြားခြင်းမှာ ပုံမှန်သာမန်အသုံးစရိတ် ၀၃-၀၁ လုပ်အားခ၊ ၀၃-၁၃ လုပ်ငန်းသုံးပစ္စည်း၊ ထောက်ပံ့ခေါင်းစဉ်တို့မှ Mask ချုပ်ခ၊ လက်ဆေးဘေစင် ဝယ်ယူတပ်ဆင်ခြင်းနှင့် ကာကွယ်ရေးပစ္စည်း ဝယ်ယူသုံးစွဲခြင်းတို့အတွက် ကျပ် ၈၈၈,၃၀၀ ကို ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနသို့ ပေးပို့ရာတွင် ပါဝင်မှု မရှိခဲ့ခြင်းကြောင့်ဖြစ်ခြင်း၊

**(ဆ) ယခင် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန**

(၁) ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၏သုံးလပတ်အလိုက် COVID-19 အသုံးစရိတ်မှာ ကျပ်သန်း ၂၃.၂၇၈ ဖြစ်ပြီး အသုံးစရိတ်ပြေစာများအရ အသုံးစရိတ်မှာ ကျပ်သန်း ၂၃.၃၃၉ ဖြစ်သဖြင့် ကျပ်သန်း ၀.၀၆၁ ကွဲလွဲနေခြင်းမှာ ၉/၂၀၂၀ လ တွင် ၀၃-၀၁ လုပ်အားအတွက် ကုန်ကျစရိတ် ငွေစာရင်း ခေါင်းစဉ်မှ COVID-19 ကူးစက်ရောဂါကင်းဝေးစေရန် ဝန်ထမ်းအိမ်ရာများအား ဆေးဖြန်းခြင်းလုပ်အားခ ကျပ်သန်း ၀.၀၅၀ နှင့် ၀၃-၁၃ လုပ်ငန်းသုံးပစ္စည်း ငွေစာရင်းခေါင်းစဉ်မှ MOPFI LOGO တံဆိပ် Masks ဝယ်ယူခြင်း ကျပ်သန်း ၀.၀၁၁ အား စတုတ္ထသုံးလပတ် COVID-19 အသုံးစရိတ်တွင် စာရင်းပြုစုရန် ကျန်ရှိခဲ့ခြင်းကြောင့်ဖြစ်ခြင်း၊

(၂) ပြည်တွင်းအခွန်များဦးစီးဌာန၏ သုံးလပတ်အလိုက် အသုံးစရိတ်စာရင်းတွင် ရုံးချုပ်၏ Core Group ဝန်ထမ်းများအား ချီးမြှင့်ငွေ ကျပ်သန်း ၀.၁၀၀ သာ ပါဝင်ပြီး ပြည်တွင်းအခွန်များဦးစီးဌာန (ရုံးချုပ်)နှင့် တိုင်းဒေသကြီး/ ပြည်နယ်/ ခရိုင်/မြို့နယ်များ အပါအဝင် ပြည်တွင်းအခွန်များဦးစီးဌာန တစ်ခုလုံးမှ သုံးစွဲခဲ့သည့် COVID – 19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး၊ကုစားရေးအတွက် အသုံးစရိတ်များ ပါဝင်မှုမရှိကြောင်း တွေ့ရှိရခြင်း၊

(၃) မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်မှ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနသို့ ပေးပို့ခဲ့သည့် သုံးလပတ်အလိုက် အသုံးစရိတ်မှာ ကျပ်သန်း ၂.၇၆၃ ဖြစ်ပြီး အမှန် အသုံးစရိတ်မှာ ကျပ်သန်း ၃.၀၂၃ ဖြစ်သဖြင့် ကျပ်သန်း ၀.၂၆၀ ကွာခြား နေခြင်းမှာ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနသို့ COVID-19 အသုံးစရိတ်များ ပေးပို့ရာတွင် ဒုတိယသုံးလပတ်အသုံးစရိတ်များ ပါဝင်မှုမရှိခြင်းကြောင့် ဖြစ်ခြင်း၊

(ဓ) **ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနမှ** ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနသို့ ပေးပို့ခဲ့သည့် သုံးလပတ်အလိုက် အသုံးစရိတ်မှာ ကျပ်သန်း ၁၄၀.၂၂၆ ဖြစ်ပြီး အမှန်အသုံးစရိတ်မှာ ကျပ်သန်း ၁၄၂.၃၁၂ ဖြစ်သဖြင့် ကျပ်သန်း ၂.၀၈၆ ကွာခြားရခြင်းမှာ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာနနှင့် ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနတို့၏ ဒုတိယသုံးလပတ်အသုံးစရိတ်များ ပါဝင်မှုမရှိခြင်းကြောင့် ဖြစ်ခြင်း၊

(ဈ) **ပြန်ကြားရေးဝန်ကြီးဌာန** ၏ COVID-19 အသုံးစရိတ်မှာ ကျပ်သန်း ၂၂၅.၈၀၆ ဖြစ်သော်လည်း ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန(ရုံးချုပ်)သို့ ကျပ်သန်း ၂၂၇.၁၆၆ ဖြင့် ပေးပို့ထားခြင်းကြောင့် အမှန်အသုံးစရိတ်စာရင်းထက် ကျပ်သန်း ၁.၃၆၀ ပိုမိုရခြင်းမှာ ပြည်ထောင်စုဝန်ကြီးရုံးတွင် ၄/၂၀၂၀ လအတွက် COVID-19 ကာကွယ်ရေးသုံးပစ္စည်းများဝယ်ယူခြင်း အသုံးစရိတ်ပြေစာ(၂)စောင်အရ ကျပ် ၂၀၀,၅၀၀ (ကျပ် ၁၅၁,၁၀၀ + ကျပ် ၄၉,၄၀၀) ဖြစ်သော်လည်း COVID-19အသုံးစရိတ်စာရင်းချုပ်ရာတွင် ကျပ် ၁၅၁,၁၀၀ အစား ကျပ် ၁,၅၁၁,၀၀၀ ဖြင့် မှားယွင်း၍ ကျပ် ၁,၅၆၀,၄၀၀ (ကျပ် ၁,၅၁၁,၀၀၀ + ကျပ် ၄၉,၄၀၀) ဖြင့် ပေးပို့ခဲ့ခြင်းကြောင့် ဖြစ်ပြီး ဝန်ကြီးဌာနစာရင်းချုပ်တွင် ကျပ် ၁,၃၅၉,၉၀၀ (ကျပ်သန်း ၁.၃၆၀) ပိုမိုနေခြင်း ၊

(ည) **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ** တတိယနှင့်စတုတ္ထ သုံးလပတ် COVID-19 အသုံးစရိတ်စာရင်းပေးပို့ရာတွင် ပြည်ထောင်စုဝန်ကြီးရုံး၏ အသုံးစရိတ် ကျပ်သန်း ၂.၈၄၃၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၏ အသုံးစရိတ် ကျပ်သန်း၁၇.၁၈၃၊စီမံကိန်းဦးစီးဌာန၏ အသုံးစရိတ် ကျပ်သန်း ၁.၆၉၂၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာန၏ အသုံးစရိတ် ကျပ်သန်း ၁၂.၅၄၄ နှင့် CERP’s Action Plan အရ ရုံးချုပ်၏ ဆီထွက်သီးနှံ၊ စပါး၊ ပြောင်း၊ ဟင်းသီးဟင်းရွက်များ ၁၆.၆၀ ကေ အတွက် ကျပ်သန်း ၈.၆၆၉ နှင့် သုတေသနခြံ (၁၅)ခြံ ၏ စပါး၊ နှမ်း၊ မြေပဲ၊ နေကြာ၊ ပဲပုတ်၊စပ်မျိုးနေကြာ(၅၃)ကေအတွက် ကျပ်သန်း ၂၄.၅၃၈ စုစုပေါင်း အသုံးစရိတ် ကျပ်သန်း ၃၃.၂၀၇၊ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၏ Masks နှင့် လက်သန့်ဆေးရည်ဝယ်ယူခြင်း ကျပ်သန်း ၀.၆၀၀ တို့မှာ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနသို့ ပေးပို့သည့် စာရင်းတွင် ပါဝင်မှု မရှိခြင်း၊

**(ဋ) သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**

(၁) ပြည်ထောင်စုဝန်ကြီးရုံး (သတ္တုရေးရာ) တွင် စစ်ဆေးတွေ့ရှိချက်အရ အမှန် အသုံးစရိတ် စုစုပေါင်းမှာ ကျပ်သန်း ၈.၄၁၆ ဖြစ်ပြီး ရသုံးမှန်းခြေငွေစာရင်း ဦးစီးဌာနသို့ ပေးပို့သည့် အသုံးစရိတ် စုစုပေါင်းမှာ ကျပ်သန်း ၂.၇၅၀ ဖြစ်သဖြင့် ကျပ်သန်း ၅.၆၆၆ ကွာခြား နေခြင်းမှာ စတုတ္ထသုံးလပတ် အသုံးစရိတ်စာရင်းများ ပေးပို့ရာ၌ ဝန်ထမ်းများကြိုပို့ရာတွင် Social Distancing နှင့်အညီ လိုက်ပါနိုင်ရန် ယာဉ်လမ်းကြောင်း ပိုမိုပြေးဆွဲရခြင်းအတွက် ၀၃-၀၆ ဓါတ်ဆီ၊ စက်ဆီ၊ ချောဆီ ခေါင်းစဉ်မှ စက်သုံးဆီဝယ်ယူခြင်း အသုံးစရိတ်အား ထည့်သွင်းဖော်ပြရန် ကျန်ရှိနေခဲ့ခြင်းကြောင့်ဖြစ်ခြင်း၊

(၂) သစ်တောဦးစီးဌာနတွင် စစ်ဆေးတွေ့ရှိချက်အရ အမှန်အသုံးစရိတ် စုစုပေါင်းမှာ ကျပ်သန်း ၈.၀၃၁ ဖြစ်ပြီး ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနသို့ ပေးပို့သည့် အသုံးစရိတ် စုစုပေါင်းမှာ ကျပ်သန်း ၇.၉၈၀ ဖြစ်သဖြင့် ကျပ်သန်း ၀.၀၅၁ ကွာခြားနေခြင်းမှာ ၀၃-၁၃ ၊ လုပ်ငန်းသုံးပစ္စည်းအသုံးစရိတ်ခေါင်းစဉ်၌ တတိယ သုံးလပတ် အသုံးစရိတ် ကျပ်သန်း ၀.၀၂၂ အား ပိုမိုဖော်ပြခဲ့ခြင်းနှင့် စတုတ္ထ သုံးလပတ်အသုံးစရိတ် ကျပ်သန်း ၀.၀၇၃ အား လျော့နည်း ဖော်ပြခဲ့ခြင်းတို့ ကြောင့်ဖြစ်ခြင်း၊

(၃) မြေတိုင်းဦးစီးဌာနတွင် စစ်ဆေးတွေ့ရှိချက်အရ အမှန် အသုံးစရိတ် စုစုပေါင်းမှာ ကျပ်သန်း ၁၃.၉၇၈ ဖြစ်ပြီး ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနသို့ ပေးပို့သည့် အသုံးစရိတ် စုစုပေါင်းမှာ ကျပ်သန်း ၁၃.၄၃၇ ဖြစ်သဖြင့် ကျပ်သန်း ၀.၅၄၁ လျော့နည်းနေခြင်းမှာ တတိယသုံးလပတ်တွင် ၀၃-၁၁၊ လုပ်အားအတွက် ကုန်ကျ စရိတ် ခေါင်းစဉ်၌ ကျပ်သန်း ၀.၀၀၂ ၊ စတုတ္ထသုံးလပတ်တွင် ၀၃-၀၆ ဓါတ်ဆီ၊ စက်ဆီ၊ ချောဆီခေါင်းစဉ်၌ ကျပ်သန်း ၀.၅၁၇ နှင့် ၀၄-၀၉ အခြား ခေါင်းစဉ်၌ ကျပ်သန်း ၀.၀၂၂ လျော့နည်းခဲ့ခြင်းတို့ကြောင့်ဖြစ်ခြင်း၊

**( ၄ )	လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**

(၁)	လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာနတွင် COVID-19 ကြိုတင်ကာကွယ်ရေးသုံးပစ္စည်းများ ဝယ်ယူခြင်းအတွက် ဝန်ကြီးရုံးသို့ အချိုးကျကျပ်သန်း ၀.၂၇၈ ထည့်ဝင်သုံးစွဲခဲ့သော်လည်း ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနသို့ ပေးပို့ခဲ့သည့် စာရင်းတွင် ထည့်သွင်းဖော်ပြခဲ့မှုမရှိခြင်း၊

(၂)	လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေး လုပ်ငန်းမှ နယ်စက်ရုံများသို့ ရန်ပုံငွေ ခွဲဝေချထားမှု ကျပ်သန်း ၅.၇၈၄ ကို ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနသို့ ပေးပို့ခဲ့သည့်စာရင်းတွင် ထည့်သွင်းဖော်ပြခဲ့မှုမရှိခြင်း၊

(၃)	မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းမှ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနသို့ ပေးပို့ခဲ့သည့် တတိယ(၃)လပတ်စာရင်းတွင် အမှတ်(၂) ဓာတ်မြေဩဇာစက်ရုံ (ကျွန်းချောင်း) ၏ အသုံးစရိတ် ကျပ်သန်း ၀.၄၀၀ ပိုမိုခဲ့ခြင်း၊ အမှတ်(၅) ဓာတ်မြေဩဇာစက်ရုံ (ကန်ကြီးထောင့်)၏ အမှန်သုံးစွဲငွေ ကျပ်သန်း ၂.၁၀၀ ကို ကျပ်သန်း ၁.၂၀၀ ဟု မှားယွင်းဖော်ပြခဲ့သဖြင့် ကျပ်သန်း ၀.၉၀၀ လျော့နည်းခဲ့ခြင်းနှင့် စတုတ္ထ(၃)လပတ် စာရင်းတွင် ကျပ်သန်း ဒဿမ သုံးနေရာ ဖြတ်ရာတွင် ကျပ်သန်း ၀.၀၀၂ ပိုမိုခဲ့ခြင်းတို့ကြောင့် အသားတင် ကွာခြားငွေကျပ်သန်း ၀.၄၉၈ ဖြစ်ပေါ်ခဲ့ခြင်း။

**(ဃ)	အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊** လူမှုဖူလုံရေးအဖွဲ့ (ကိုယ်ပိုင်ဘဏ္ဍာရန်ပုံငွေ)၏ အမှန်အသုံးစရိတ် စုစုပေါင်းမှာ ကျပ်သန်း ၂၀၃၅၆.၂၆၈ ဖြစ်ပြီး တတိယသုံးလပတ်နှင့် စတုတ္ထသုံး လပတ်အလိုက် ပေးပို့ခဲ့သည့် COVID-19 နှင့် CERP’s Action Plan အသုံးစရိတ်များ စုစုပေါင်းမှာ ကျပ်သန်း ၂၀၃၄၃.၁၉၁ ဖြစ်၍ ကျပ်သန်း ၁၃.၀၇၇ လျော့နည်း နေခြင်းမှာ COVID-19 အသုံးစရိတ်လျော့နည်းပေးပို့မှု ကျပ်သန်း ၁၅၅.၆၇၄ နှင့် CERP’s Action Plan အသုံးစရိတ်တွင် ပိုမိုပေးပို့မှု ကျပ်သန်း ၁၄၂.၅၉၇ တို့ကြောင့် ဖြစ်ခြင်း၊

**(ဃ)	စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

(၁)	ကုန်သွယ်ရေးဦးစီးဌာန၏ COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး၊ ကုစားရေး တို့နှင့်ဆက်စပ်သည့် အသုံးစရိတ်မှာ ကျပ်သန်း ၁၆၆.၀၅၂ ဖြစ်သော်လည်း

ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနသို့ တတိယနှင့် စတုတ္ထသုံးလပတ်အတွက် အသုံးစရိတ် ကျပ်သန်း ၁၆၃.၆၃၈ ကိုသာ ပေးပို့ထားပြီး ဒုတိယသုံးလပတ် အသုံးစရိတ် ကျပ်သန်း ၂.၄၁၄ ကို ပေးပို့ထားမှုမရှိခြင်း၊

(၂) မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၏ COVID-19 ကာကွယ်ထိန်းချုပ်၊ ကုသရေး၊ ကုစားရေးတို့နှင့် ဆက်စပ်သည့် သာမန်အသုံးစရိတ်မှာ ကျပ်သန်း ၅.၃၆၃ ဖြစ်သော်လည်း ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနသို့ အသုံးစရိတ် စာရင်းပေးပို့ရာတွင် ကျပ်သန်း ၅.၁၅၆ ဟု ပေးပို့ထားသဖြင့် ကျပ်သန်း ၀.၂၀၇ ကွာခြားနေခြင်းမှာ စတုတ္ထသုံးလပတ် အသုံးစရိတ်စာရင်းတွင် ကျပ်သန်း ၀.၂၀၇ လျော့နည်းပေးပို့ခဲ့ခြင်းကြောင့် ဖြစ်ခြင်း၊

**(ဏ) ပညာရေးဝန်ကြီးဌာန**

(၁) အဆင့်မြင့်ပညာဦးစီးဌာန(ရုံးချုပ်)၏ ၀၃-၁၃ လုပ်ငန်းသုံးပစ္စည်းများ ခေါင်းစဉ်မှ တတိယသုံးလပတ် COVID-19 အသုံးစရိတ်တွင် အမှန် သုံးစွဲငွေမှာ ကျပ်သန်း ၁.၇၅၈ ဖြစ်ပြီး ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနသို့ ပေးပို့သည့် စာရင်းအရ ကျပ်သန်း ၁.၇၆၂ ဖြစ်သဖြင့် ကျပ်သန်း ၀.၀၀၄ ပိုမိုနေခြင်း၊

(၂) သုတေသနနှင့်တီထွင်ဆန်းသစ်မှုဦးစီးဌာန၊ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဌာန၏ ၀၃-၀၆၊ ဓာတ်ဆီ၊ စက်ဆီ၊ ချောဆီခေါင်းစဉ်မှ စတုတ္ထသုံးလပတ်အတွင်း အသုံးစရိတ်ပြေစာများအရ သုံးစွဲငွေပေါင်းမှာ ကျပ်သန်း ၀.၆၉၄ ဖြစ်ပြီး ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနသို့ ပေးပို့သည့်စာရင်းအရ ကျပ်သန်း ၀.၆၈၀ ဖြစ်သဖြင့် ကျပ်သန်း ၀.၀၁၄ ကွာခြားရခြင်းမှာ ဒီဇယ်ဆီ ၂၅ ဂါလန် ဝယ်ယူခြင်း ကျပ်သန်း ၀.၆၉၄ အတွက် ၂ ရာခိုင်နှုန်း ကျသင့် ဝင်ငွေခွန် ကျပ်သန်း ၀.၀၁၄ ကို အသုံးစရိတ်တွင် ထည့်သွင်းပေးပို့မှု မရှိခဲ့ခြင်းကြောင့် ဖြစ်ခြင်း။

**(တ) ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

(၁) ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ COVID-19 နှင့် CERP's Action Plan အရ အသုံးစရိတ် စုစုပေါင်းမှာ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန စာရင်းအရ ကျပ်သန်း ၁၃၇,၈၉၃.၀၄၄ ဖြစ်ပြီး ဌာနမှတင်ပြခဲ့သည့် စာရင်းမှတ်တမ်း အထောက်

အထားများအရ အမှန်အသုံးစရိတ် စုစုပေါင်းမှာ ကျပ်သန်း ၁၅၁,၇၈၇.၅၆၆ ဖြစ်သဖြင့် ကျပ်သန်း ၁၃,၈၉၄.၅၂၂ အောက်ပါအတိုင်း ကွဲလွဲနေခြင်း-

**(ကျပ်သန်း)**

| စဉ် | ဌာန | ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနသို့ပေးပို့စာရင်းအရ | အမှန်သုံးစွဲမှုအရ | (+)ပို/(-)လျော့ |
|---|---|---|---|---|
| ၁။ | ဝန်ကြီးရုံး | ၁၈.၇၇၁ | ၂၅.၂၆၉ | (+)၆.၄၉၈ |
| ၂။ | ပြည်သူ့ကျန်းမာရေးဦးစီးဌာန | ၅၈,၀၀၇.၅၂၆ | ၅၆,၉၁၀.၂၄၉ | (-)၁,၀၉၇.၂၇၇ |
| ၃။ | ကုသရေးဦးစီးဌာန | ၇၉,၄၅၄.၃၈၆ | ၉၄,၃၆၁.၉၄၁ | (+)၁၄,၉၀၇.၅၅၅ |
| ၄။ | ဆေးသုတေသနဦးစီးဌာန | ၁၈၅.၈၄၉ | ၂၁၅.၅၁၅ | (+) ၂၉.၆၆၆ |
| ၅။ | တိုင်းရင်းဆေးပညာဦးစီးဌာန | ၀.၂၀၀ | ၃.၇၀၀ | (+) ၃.၅၀၀ |
| ၆။ | ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန | ၂၂၅.၇၆၂ | ၂၂၅.၇၆၂ | - |
| ၇။ | အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေး ဦးစီးဌာန | ၀.၅၅၀ | ၂.၆၆၉ | (+) ၂.၁၁၉ |
| ၈။ | အားကစားနှင့်ကာယပညာဦးစီးဌာန | - | ၄၂.၄၆၁ | (+)၄၂.၄၆၁ |
| | **စုစုပေါင်း** | **၁၃၇,၈၉၃.၀၄၄** | **၁၅၁,၇၈၇.၅၆၆** | **(+)၁၃,၈၉၄.၅၂၂** |

**(ထ)** **ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊** ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန၏ CERP's Action Planအရ အသုံးစရိတ် ကျပ်သန်း ၂၂၉.၃၄၀ ကို ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနသို့ ပေးပို့ထားမှုမရှိခြင်း၊

**(ဒ)** **တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန** ၏ တတိယနှင့်စတုတ္ထသုံးလပတ် COVID-19 အသုံးစရိတ်စာရင်းများအား ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနသို့ ပေးပို့ရာတွင် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာန၏ အသုံးစရိတ် ကျပ်သန်း ၀.၇၃၄ နှင့် တိုင်းရင်းသား အခွင့်အရေးများ ကာကွယ် စောင့်ရှောက်ရေးဦးစီးဌာန၏ အသုံးစရိတ် ကျပ်သန်း ၀.၅၀၁ စုစုပေါင်း ကျပ်သန်း ၁.၂၃၅ မှာ ပါဝင်မှုမရှိခြင်း၊

၁၆။ အစိုးရ ဌာန၊ အဖွဲ့အစည်းများမှ COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး၊ ကုစားရေးတို့နှင့် ဆက်စပ်သည့်အသုံးစရိတ်နှင့် CERP's Action Plan အရ အသုံးစရိတ်များအား ရသုံးမှန်းခြေ ငွေစာရင်းဦးစီးဌာနသို့ စာရင်းပေးပို့ရာတွင် ပိုမို/လျော့နည်းပေးပို့ထားခြင်း၊ COVID-19 အသုံးစရိတ်တွင် မှားယွင်း စာရင်းတင်ထားခြင်းနှင့် COVID-19 နှင့် မသက်ဆိုင်သည့်အသုံးစရိတ်များ ပါဝင်နေခြင်း တို့ကြောင့် စာရင်းများပြုစုပေးပို့ရာတွင် ပြည့်စုံမှန်ကန်စွာပါဝင်စေရေး စနစ်တကျ ဆောင်ရွက်နိုင်မှု အားနည်းကြောင်း သုံးသပ်ပါသည်။

**အသုံးစရိတ်ပြေစာအထောက်အထားများ၊မှတ်တမ်းများပြည့်စုံစွာရရှိမှုမရှိ၍ စစ်ဆေးနိုင်မှုမရှိခြင်း**

၁၇။ ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး၊ ကုစားရေးတို့နှင့် ဆက်စပ်သည့်အသုံးစရိတ်နှင့် CERP's Action Plan အရ တိုင်းဒေသကြီး/ပြည်နယ်အလိုက် သုံးစွဲခဲ့သည့် အသုံးစရိတ်များအတွက် အသုံးစရိတ်ပြေစာအထောက်အထားများ၊ မှတ်တမ်းများ ပြည့်စုံစွာထိန်းသိမ်း ထားမှုမရှိခြင်းကြောင့် စစ်ဆေးနိုင်မှုမရှိခြင်းများအား အောက်တွင် ဖော်ပြပါသည်-

**(က)** **ပြည်ထဲရေးဝန်ကြီးဌာန၊** အကျဉ်းဦးစီးဌာနနှင့် မီးသတ်ဦးစီးဌာနမှ COVID-19 ကာကွယ် ထိန်းချုပ် ကုသရေးအတွက် လုပ်ငန်းသုံး ဆေးပစ္စည်းကိရိယာများ ဝယ်ယူရန် အကျဉ်းဦးစီးဌာန၊ ဗဟိုသိုလှောင်ရေးရုံး၊ အင်းစိန်သို့ ရန်ပုံငွေ ခွဲဝေချထားပေးခြင်း ကျပ်သန်း ၄၈၁.၀၇၅ နှင့် မီးသတ်ဦးစီးဌာနသို့ COVID-19 ရန်ပုံငွေခွဲဝေချထားငွေ ကျပ်သန်း ၄၆၇.၅၃၇ နှင့်စပ်လျဉ်း၍ စစ်ဆေးနိုင်မှုမရှိသေးခြင်း၊

**(ခ)** **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊** စီမံကိန်းဦးစီးဌာန၏ ၀၃-၁၃၊ လုပ်ငန်းသုံးပစ္စည်း ခေါင်းစဉ်မှ ကျပ်သန်း ၁.၅၅၂ နှင့် ၀၄-၀၉ ၊ အခြားခေါင်းစဉ်မှ ကျပ်သန်း ၀.၁၄၀ တို့ဖြင့် COVID-19 ကာကွယ်ရေးသုံးပစ္စည်းများ ဝယ်ယူသုံးစွဲခြင်း အတွက် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန (ယခင် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှု ဝန်ကြီးဌာန) ၏ ၃-၇-၂၀၂၀ ရက်စွဲပါ ညွှန်ကြားချက်နှင့်အညီ စာရင်းမှတ်တမ်းများ ရေးသွင်းထားရှိရန်ဖြစ်သော်လည်း ပစ္စည်း ရရှိ၊ သုံးစွဲမှတ်တမ်းရေးသွင်းမှုမရှိကြောင်း တွေ့ရှိရခြင်း၊

**(ဂ) လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**

(၁) လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန

(ကက) ကချင်၊ ကယားပြည်နယ်များနှင့် စစ်ကိုင်း၊ မန္တလေး၊ ရန်ကုန်တိုင်းဒေသကြီးများတွင် COVID-19 အသုံးစရိတ်များ သုံးစွဲထားမှုနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာတိုင်းဒေသကြီး /ပြည်နယ် စာရင်းစစ်ချုပ်ရုံး များမှ စာရင်းစစ်ဆေးရန်အတွက် စာရင်းအထောက်အထားများ တင်ပြနိုင်မှု မရှိသဖြင့် စစ်ဆေးနိုင်မှု မရှိခြင်း၊

(ခခ) ဗုဒ္ဓကုန်းပင်မဓာတ်အားခွဲရုံ၊ မကွေးပင်မဓာတ်အားခွဲရုံ၊ ချောင်းကူး (ပေါက်)ပင်မဓာတ်အားခွဲရုံတို့အတွက် အသုံးစရိတ်များနှင့် စပ်လျဉ်း၍ မကွေးတိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံးမှစစ်ဆေးရန်နှင့် နေပြည်တော်(၂) ပင်မဓာတ်အားခွဲရုံသို့ ရန်ပုံငွေခွဲဝေပေးမှုနှင့် ပစ္စည်းဖြန့်ဝေပေးမှုများ အတွက် နေပြည်တော်စာရင်းစစ်ရုံးမှ စစ်ဆေးရန်အတွက် စာရင်း အထောက်အထားများ တင်ပြနိုင်မှုမရှိသဖြင့် စစ်ဆေးနိုင်မှု မရှိခြင်း၊

(၂) ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာန

(ကက) ကချင်၊ ကယား၊ စစ်ကိုင်းနှင့် မန္တလေးတိုင်းဒေသကြီး/ပြည်နယ်များတွင် COVID-19 အသုံးစရိတ်များ သုံးစွဲထားမှုနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် စာရင်းစစ်ချုပ်ရုံးများမှ စစ်ဆေးရန်အတွက် စာရင်းအထောက်အထားများ တင်ပြနိုင်မှုမရှိသဖြင့် စစ်ဆေးနိုင်မှု မရှိခြင်း၊

(ခခ) ပဲခူးတိုင်းဒေသကြီးစစ်ဆေးရေးအရာရှိရုံးသို့ Mask (၇၀၄) ခု တန်ဖိုး ကျပ်သန်း ၀.၀၃၅ ဖြန့်ဝေပေးမှုနှင့်စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး စာရင်းစစ်ချုပ်ရုံးသို့ စာရင်းအထောက်အထားများ တင်ပြနိုင်မှု မရှိသဖြင့် စစ်ဆေးနိုင်မှုမရှိခြင်း၊

(၃) လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း

စစ်ကိုင်း၊ မန္တလေးနှင့် ရန်ကုန်တိုင်း ဒေသကြီးများတွင် COVID-19 အသုံးစရိတ်များ သုံးစွဲထားမှုနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ တိုင်းဒေသကြီး စာရင်းစစ်ချုပ်ရုံး များ မှ စစ်ဆေးရန်အတွက် စာရင်း အထောက်အထားများ တင်ပြနိုင်မှုမရှိသဖြင့် စစ်ဆေးနိုင်မှု မရှိခြင်း၊

(၄) လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း

ကယား၊ ချင်းနှင့် စစ်ကိုင်းတိုင်း ဒေသကြီး/ပြည်နယ်တို့တွင် COVID-19 အသုံးစရိတ်များ သုံးစွဲထားမှုနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်စာရင်းစစ်ချုပ်ရုံးများမှ စစ်ဆေးရန်အတွက် စာရင်းအထောက်အထားများ တင်ပြနိုင်မှုမရှိသဖြင့် စစ်ဆေးနိုင်မှု မရှိခြင်း၊

(၅) မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း

(ကက) ရုံးချုပ်အသုံးစရိတ်များမှ ကြိုတင်ငွေထုတ်ယူထားခြင်း ကျပ်သန်း ၂.၇၀၄ နှင့် စပ်လျဉ်း၍ အသုံးစရိတ်ပြေစာများတင်ပြနိုင်မှုမရှိခြင်းနှင့် Aseptol (၂၅) ဘူးနှင့် ဆေးမျိုးစုံဝယ်ယူခြင်း ကျပ်သန်း ၀.၂၇၆၊ ဆေးပစ္စည်း (၄) မျိုး ဝယ်ယူခြင်းကျပ်သန်း ၁.၅၆၁၊ PPE ဝတ်စုံ (၁၀)စုံ ကျပ်သန်း ၀.၁၅၀ နှင့် Protection Folding Screen ဝယ်ယူခြင်း ကျပ်သန်း ၁.၅၇၀ ပေါင်း ကျပ်သန်း ၃.၅၅၇ တို့အတွက် စာရင်းတင် ဖော်ပြထားသော်လည်း အသုံးစရိတ် ပြေစာများ စစ်ဆေးရန် ပေးပို့မှု မရှိခြင်းကြောင့် စိစစ်နိုင်မှု မရှိခြင်း၊

(ခခ) ဒေသများသို့COVID-19 အသုံးစရိတ်အတွက် ငွေထုတ်ကန့်သတ်ချက် ခွဲဝေပေးမှု ကျပ်သန်း ၁၈.၈၄၂ ဖြစ်သော်လည်း အဆိုပါ အသုံးစရိတ်များနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီး/ပြည်နယ်အလိုက် သုံးစွဲထားမှုအခြေအနေကို ဌာနမှပြန်ကြားခဲ့မှု မရှိ၍ စစ်ဆေးနိုင်မှု မရှိခြင်း၊

(၆) မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း

(ကက) ရန်ကုန်တိုင်းဒေသကြီး တွင် COVID-19 အသုံးစရိတ်များ သုံးစွဲထားမှုနှင့်စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီး စာရင်းစစ်ချုပ်ရုံးသို့ စစ်ဆေးရန်အတွက် စာရင်းအထောက်အထားများ တင်ပြနိုင်မှုမရှိသဖြင့် စစ်ဆေးနိုင်မှုမရှိခြင်း၊

(ခခ) အမှတ် (၂) ဓာတ်မြေဩဇာစက်ရုံ (ကျွန်းချောင်း) ၏ သ-၀၄၉ (၁၈) ၊ လုပ်ငန်းခွင် အန္တရာယ်ကာကွယ်ရန် ပစ္စည်းစရိတ် ခေါင်းစဉ်မှ ကျပ်သန်း ၀.၇၀၀ ဖြင့် Masks ၊ Tissue ၊ ကာဘော်လစ် ဆပ်ပြာ၊ Hand Gel၊

အမှိုက်ပုံး၊ ပိုးသတ်ဆေး၊ Hand Speaker၊ လက်အိတ်၊ ရော်ဘာ လက်အိတ်၊ လယ်ရှည်ဖိနပ်၊ စတီးဘေစင်၊ လက်ဆေးဆပ်ပြာရည်၊ ကြွေဆေးရည်တို့ ဝယ်ယူထားပြီး၊ ၎င်းပစ္စည်းများအား ဖြန့်ဝေသုံးစွဲမှု၊ လက်ကျန်၊ ရုံးအသုံးအဆောင်ပစ္စည်း မှတ်တမ်းထားရှိမှု၊ လက်မှတ်ရေးထိုးမှု အထောက်အထားများနှင့်စပ်လျဉ်း၍ ဌာနမှ အထောက်အထားများ ပြည့်စုံစွာ တင်ပြနိုင်မှုမရှိခြင်း။

(ဂဂ) အမှတ်(၅) ခါတ်မြေသြဇာစက်ရုံ (ကန်ကြီးထောင့်) ၏ သာမန်အသုံးစရိတ် ကျပ်သန်း ၂.၅၅၀ အား ဧရာဝတီတိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံးမှစစ်ဆေးရန်အတွက် အထောက်အထားများ တင်ပြနိုင်မှုမရှိသေးသဖြင့် စစ်ဆေးနိုင်မှုမရှိခြင်း။

**(ဃ) အလုပ်သမားလူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန**

(၁) လူမှုဖူလုံရေးအဖွဲ့(ကိုယ်ပိုင်ဘဏ္ဍာရန်ပုံငွေ)

(ကက) CERP's Action Plan အရ အသုံးစရိတ်တွင် ကျပ်သန်း ၁၄၂.၅၉၇ မှာ နှစ်အတွင်း ပြန်လည်ပေးသွင်းထားသော်လည်း အနုတ်အသုံးစရိတ်ပြုလုပ်မှုမရှိခြင်းကြောင့် အသုံးစရိတ်စာရင်းတွင် ပါဝင်နေခြင်းနှင့် ဌာနမှ ဝင်ငွေအဖြစ် စာရင်းပြုစုထားခြင်း ।

(ခခ) တိုင်းဒေသကြီး/ ပြည်နယ် လက်အောက်ခံဌာနခွဲ အသီးသီးသို့ ဘတ်ဂျက်ခွဲဝေပေးထားသည့် COVID-19 အသုံးစရိတ် ကျပ်သန်း ၂၈၇.၂၅၃ နှင့် CERP's Action Plan အရ ရုံးချုပ် ဘတ်ဂျက် (ဒေသလွှဲ) အသုံးစရိတ် ကျပ်သန်း ၁၉,၃၄၁.၁၈၀၊ ဒေသဘတ်ဂျက် ဒေသအသုံးစရိတ် ကျပ်သန်း ၅၃၃.၂၅၈ ပေါင်း ကျပ်သန်း ၁၉,၈၇၄.၄၃၈ တို့အား စာရင်းအထောက်အထားများ အချိန်မီ တင်ပြနိုင်မှုမရှိခြင်းကြောင့် စစ်ဆေးရန်ဆောင်ရွက်ဆဲဖြစ်ခြင်း၊

**(င) ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

(၁) ပြည်သူ့ကျန်းမာရေးဦးစီးဌာန

(ကက) ပြည်သူ့ကျန်းမာရေးဦးစီးဌာန (ရုံးချုပ်)နှင့် ဗဟိုကူးစက်ရောဂါ တိုက်ဖျက်ရေးဌာနခွဲတို့၏ COVID-19 အတွက် သာမန်အသုံးစရိတ်မှ ဆေးနှင့် ဆေးပစ္စည်း ကျပ်သန်း ၁၀,၈၉၃.၈၆၇ ဝယ်ယူမှုရရှိ ဖြန့်ဖြူးမှုများအတွက် ကုန်ပစ္စည်း ရရှိ/ထုတ်ပေးမှု စာရင်းချုပ်စာရင်းများသာ တင်ပြခဲ့ပြီးအခြေခံအထောက်အထားများဖြစ်သည့် ကုန်ရ/ကုန်ထုတ်ပေး ပြေစာများ၊ ကုန်ပစ္စည်း လယ်ဂျာစာရင်းစာအုပ်များ၊ ဖြန့်ဝေပေးပို့ခဲ့သည့် ဒေသများ၏ လက်ခံရရှိမှု အထောက်အထားများနှင့် ငွေလုံးငွေရင်း အသုံးစရိတ် ကျပ်သန်း ၁,၉၆၅.၆၃၇ မှဝယ်ယူ ခဲ့သည့်ပစ္စည်းများအား တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးသို့ ဖြန့်ဝေပေးမှုများအတွက် ဒေသများ၏ လက်ခံရရှိမှုမှတ်တမ်းများ တင်ပြနိုင်မှုမရှိသဖြင့် စစ်ဆေးနိုင်မှု မရှိခြင်း၊

(ခခ) ပြည်သူ့ကျန်းမာရေးဦးစီးဌာန (ရုံးချုပ်) ၏ CERP's Action Plan အရ သာမန်အသုံးစရိတ် ကျပ်သန်း ၂၆,၈၁၃.၅၁၉ ဖြင့် ဝယ်ယူခဲ့သည့် ဆေးနှင့် ဆေးပစ္စည်းများ၊ ငွေလုံးငွေရင်းအသုံးစရိတ် ကျပ်သန်း ၈၄၀.၀၀၀ ဖြင့် ဝယ်ယူခဲ့သည့် Ambulance Jinbei (၁၂) စီးတို့နှင့်စပ်လျဉ်း၍ ဒေသများသို့ဖြန့်ဝေမှု အထောက်အထားများ တင်ပြနိုင်မှုမရှိခြင်း၊ နှစ်လွန် အသုံးစရိတ်တွင် သာမန်အသုံးစရိတ် ကျပ်သန်း ၂၂,၄၂၈.၃၉၃ နှင့် ငွေလုံးငွေရင်းအသုံးစရိတ် ကျပ်သန်း ၁,၃၇၈.၇၅၈ မှ ဝယ်ယူသုံးစွဲမှုများ အတွက် စာရင်းချုပ်သာ တင်ပြခဲ့ပြီး အသေးစိတ် အထောက်အထားများ၊ ဒေသများသို့ ဖြန့်ဝေသည့် အထောက်အထားများ ပြည့်စုံမှုမရှိခြင်း တို့ကြောင့် စစ်ဆေးနိုင်မှု မရှိခြင်း ၊

(ဂဂ) ဒေသအသီးသီးတွင် သုံးစွဲခဲ့သည့် COVID-19 အသုံးစရိတ် ကျပ်သန်း ၆,၄၇၆.၁၁၉၊ CERP's Action Plan အရ အသုံးစရိတ် ကျပ်သန်း ၆,၉၇၂.၃၅၆ တို့နှင့်စပ်လျဉ်း၍ ကချင်၊ ကယား၊ ချင်း၊ စစ်ကိုင်း၊ မန္တလေး၊

ရခိုင်၊ ရန်ကုန်၊ ရှမ်းနှင့် ဧရာဝတီတိုင်းဒေသကြီး/ပြည်နယ်စာရင်းစစ်ချုပ်ရုံးများမှ စစ်ဆေးနိုင်ရေးအတွက် စာရင်းအထောက်အထားများ အချိန်မီတင်ပြနိုင်မှုမရှိသဖြင့် စစ်ဆေးနိုင်မှု မရှိခြင်း ၊

(ဃဃ) မြိတ်ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၏ အသုံးစရိတ်များ စစ်ဆေးရန် ဆက်သွယ်ဆောင်ရွက်ရာတွင် အခက်အခဲရှိခြင်းကြောင့် စစ်ဆေးနိုင်မှုမရှိခြင်း၊

(ငင) မွန်ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနအောက်ရှိ ပြည်နယ် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူးရုံး၊ မော်လမြိုင်မြို့နယ်၊ သထုံခရိုင်နှင့် ပေါင်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနရုံးတို့မှာ စာရင်းအထောက်အထားများ တင်ပြ နိုင်မှုမရှိသဖြင့် စစ်ဆေးနိုင်မှုမရှိခြင်း၊

(စစ) ပဲခူးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တင်ပြသည့် စာရင်းအရ COVID-19 ကာကွယ်ရေးသုံး ပစ္စည်း (၂၇) မျိုး ရရှိမှုနှင့် ဖြန့်ဝေပေးခြင်းများတွင် တိုင်းဒေသကြီးအတွင်းရှိ ဆေးရုံများသို့ ဖြန့်ဝေပေးခြင်းအတွက် ရွှေကျင်၊ ထန်းတပင်၊ ပေါက်ခေါင်းမြို့နယ်ရှိ ဆေးရုံတို့တွင် ဖြန့်ဝေပေးထားသည့်အတိုင်း ရရှိထားပြီး၊ ဝေါ၊ ဇီးကုန်း၊ အုတ်ဖို၊ သဲကုန်း၊ ရွှေတောင်မြို့နယ်တို့မှာ စစ်ဆေးဆဲနှင့် ကျန်မြို့နယ်များမှာ ဌာနနှင့် ဆက်သွယ်၍ မရခြင်းကြောင့် စစ်ဆေး နိုင်မှုမရှိခြင်း ၊

(ဆဆ) ပြည်သူ့ကျန်းမာရေးဦးစီးဌာန(ရုံးချုပ်)မှ ပဲခူးတိုင်းဒေသကြီးသို့ ဘတ်ဂျက်ခွဲဝေမှုစုစုပေါင်းမှာ COVID-19 အသုံးစရိတ် ကျပ်သန်း ၅၆၃.၀၇၀ နှင့် CERP’s Action Plan အရ အသုံးစရိတ် ကျပ်သန်း ၆၇၉.၄၀၄ ဖြစ်သော်လည်း ပဲခူးတိုင်းဒေသကြီး စာရင်းစစ်ချုပ်ရုံးမှ ပဲခူးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန၏ ကျပ်သန်း ၁၂.၀၀၀ ကိုသာ စစ်ဆေးနိုင်ခဲ့ခြင်း၊

(ဇဇ) မွန်ပြည်နယ်စာရင်းစစ်ချုပ်ရုံး၏ အစီရင်ခံစာအရ မွန်ပြည်နယ် အတွင်းရှိ ပြည်သူ့ကျန်းမာရေးဦးစီးဌာနများသို့ ရုံးချုပ်မှ ဘတ်ဂျက်ခွဲဝေမှု စုစုပေါင်းမှာ COVID-19 အသုံးစရိတ် ကျပ်သန်း ၂၇၆.၂၄၆ နှင့် CERP’s Action Plan အရ အသုံးစရိတ် ကျပ်သန်း ၂၄၆.၇၇၆ ဖြစ်ကြောင်း တင်ပြသည့်

စာရင်းများအရ တွေ့ရှိရပြီး COVID-19 အသုံးစရိတ်ကျပ်သန်း ၁၃၀.၈၉၀၊ CERP's Action Plan အရ အသုံးစရိတ်ကျပ်သန်း၂၄၆.၇၇၆ တို့အား စစ်ဆေးနိုင်မှု မရှိသေးခြင်း၊

(ဈဈ) နေပြည်တော်စာရင်းစစ်ရုံး၏ အစီရင်ခံစာအရ COVID-19 အသုံးစရိတ်အတွက်ပတ်ဝန်းကျင်သန့်ရှင်းမှုဆိုင်ရာ ဌာနခွဲ၊ အာဟာရ ဖွံ့ဖြိုးရေးနှင့် သုတေသနဌာနခွဲ၊ အနာကြီးရောဂါတိုက်ဖျက်ရေး စီမံကိန်း၊ ခုခံအားကျဆင်းမှုရောဂါနှင့် ကာလသားရောဂါ တိုက်ဖျက်ရေးစီမံကိန်း၊ မျက်ခမ်းစပ်နှင့် မျက်မမြင်ကာကွယ်ရေးစီမံကိန်း၊ ဇေယျာသီရိ မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးရုံးနှင့် ဇမ္ဗူသီရိမြို့နယ်၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့အတွက် စုစုပေါင်းအသုံးစရိတ် ကျပ်သန်း ၂၇.၄၀၀ ခွဲဝေထားပေးကြောင်းဖော်ပြထားပြီး၊ ရုံးချုပ်မှဘတ်ဂျက်ခွဲဝေမှု စုစုပေါင်းမှာ COVID-19 အသုံးစရိတ် ကျပ်သန်း ၁၄၉.၄၇၇ နှင့် CERP's Action Plan အရ အသုံးစရိတ်ကျပ်သန်း ၁၀၈.၄၃၆ ဖြစ်သဖြင့် အသုံးစရိတ်များစစ်ဆေးရန်ကျန်ရှိနေခြင်း၊

(၂) ကုသရေးဦးစီးဌာန

(ကက) ကုသရေးဦးစီးဌာန(ရုံးချုပ်)မှCovid-19ကာကွယ် ထိန်းချုပ် ကုသရေး နှင့် CERP's Action Plan ပါ ကျန်းမာရေးစောင့်ရှောက်မှုစနစ်များ ပိုမိုအားကောင်းခိုင်မာလာစေရေး ဆောင်ရွက်ရန်အတွက် ဝယ်ယူခဲ့သည့် ဆေးနှင့်ဆေးပစ္စည်း၊ ကာကွယ်ရေးသုံး ပစ္စည်းများ၊ စက်ပစ္စည်း ကိရိယာများတန်ဖိုး ကျပ်သန်း ၇၁,၁၂၉.၇၈၇ အား ဒေသအသီးသီးသို့ ပြန်လည်ခွဲဝေဖြန့်ဖြူးမှုအတွက် စာရင်းအထောက်အထားများ တင်ပြလာမှုမရှိသဖြင့် စစ်ဆေးနိုင်မှုမရှိခြင်း၊

(ခခ) ဒေသအသီးသီးတွင်သုံးစွဲခဲ့သည့် COVID-19 အသုံးစရိတ် ကျပ်သန်း ၂၂,၄၉၄.၅၃၀၊ CERP's Action Plan အရ အသုံးစရိတ် ကျပ်သန်း ၁၅၂.၇၁၂ များနှင့် စပ်လျဉ်း၍ ကချင်၊ ကယား၊ ချင်း၊စစ်ကိုင်း၊ မန္တလေး၊ ရခိုင်၊ ရန်ကုန်၊ ရှမ်းပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီး/ ပြည်နယ်

စာရင်းစစ်ချုပ်ရုံးတို့မှ စစ်ဆေးနိုင်ရေးအတွက် စာရင်းအထောက်အထား များ အချိန်မီ တင်ပြနိုင်မှုမရှိသဖြင့် စစ်ဆေးနိုင်မှု မရှိခဲ့ခြင်း ၊

(ဂဂ) ထားဝယ်ပြည်သူ့ဆေးရုံကြီးမှ ဝယ်ယူခဲ့သည့်ဆေးနှင့်ဆေးပစ္စည်း (၆၄) မျိုး သုံးစွဲမှုနှင့်စပ်လျဉ်း၍ အထောက်အထားများ တင်ပြနိုင်မှု မရှိခြင်း၊ ပြည်သူ့ဆေးရုံကြီး (မြိတ်မြို့) မှ အသုံးစရိတ်သုံးစွဲမှုများအတွက် ငွေစာရင်းခေါင်းစဉ် အသေးအလိုက် တိကျစွာဖော်ပြထားမှုမရှိခြင်းနှင့် ဝယ်ယူ/ပေးပို့ရရှိခဲ့သည့်ဆေးနှင့် ဆေးပစ္စည်း (၁၀၈) မျိုး တို့အတွက် သုံးစွဲမှုအထောက်အထားများ တင်ပြနိုင်မှုမရှိခြင်းကြောင့် စစ်ဆေးနိုင်မှု မရှိခြင်း၊

(ဃဃ) မော်လမြိုင် ခုတင်(၅၀၀)ဆံ့ အထွေထွေရောဂါကု ဆေးရုံကြီး၏ ဆေးဝါး ရရှိ/သုံးစွဲ လက်ကျန် မှတ်တမ်း တင်ပြနိုင်မှုမရှိခြင်း၊ တိုးချဲ့ (၄)ထပ် လူနာဆောင်သစ်နှင့် Isolation Ward များတွင် အောက်ဆီဂျင် ပိုက်လိုင်းနှင့် သံပန်းတပ်ဆင်ခြင်း၊ Aircon တပ်ဆင် ခြင်း၊ CCTV Camera (၁၄) လုံး တပ်ဆင်ခြင်းတို့အား မျက်မြင် စစ်ဆေးနိုင်မှု မပြုခဲ့ ခြင်း၊ မွန်ပြည်နယ်ကုသရေးဦးစီးဌာန၊ မွန်ပြည်နယ် အမျိုးသမီးနှင့် ကလေးဆေးရုံကြီးနှင့် ပေါင်မြို့နယ်ကုသရေးဦးစီးဌာနတို့၏ COVID-19 သုံးစွဲမှုအခြေအနေနှင့် စပ်လျဉ်း၍ စာရင်းများတင်ပြနိုင်မှုမရှိခြင်း၊ ပြည်နယ်ကုသရေးဦးစီးဌာနသို့ကုသရေးဦးစီးဌာန (ရုံးချုပ်)မှ COVID-19 ကာကွယ်ရေးသုံးပစ္စည်းများ ဖြန့်ဝေပေးမှု ရှိ မရှိ စာရင်းမှတ်တမ်း အထောက်အထားများ တင်ပြနိုင်မှု မရှိသဖြင့် စစ်ဆေးနိုင်မှု မရှိခြင်း၊

(ငင) ပဲခူးတိုင်းဒေသကြီး ကုသရေးဦးစီးဌာနမှဝယ်ယူခဲ့သည့် ဆေးနှင့် ဆေး ပစ္စည်း ၂၃ မျိုးနှင့် ဗဟိုဆေးသိုလှောင်ရေးဌာန၊ ရန်ကုန်မြို့မှ (၄၃) ကြိမ် ပေးပို့ခဲ့သည့် ဆေးနှင့် ဆေးပစ္စည်း (၈၂) မျိုးတို့အား ပဲခူးတိုင်းဒေသကြီး အတွင်းရှိ မြို့နယ်(၂၈)မြို့နယ်ရှိ ဆေးရုံနှင့် တိုက်နယ်ဆေးရုံများ၊ တိုင်း ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ပဲခူးဆေးရုံတို့သို့ ခွဲဝေပေးမှု၊ လက်ခံ ရရှိမှု အခြေအနေများနှင့် စပ်လျဉ်း၍ ၁၈ မြို့နယ်မှာ ဌာနသို့ ဆက်သွယ်

သွားလာရန်ခက်ခဲခြင်းတို့ကြောင့်စစ်ဆေးနိုင်မှုမရှိခြင်း၊ စစ်ဆေးပြီးသည့် မြို့နယ် ၁၀ မြို့နယ်တို့တွင် Cefepime 1 G ဆေးမှာ တိုင်းဒေသကြီး ကုသရေးဦးစီးဌာနမှ တင်ပြသည့် ခွဲဝေမှုစာရင်းအရ ၈၂၀ Vial ဖြစ်ပြီး မြို့နယ်ကုသရေးဦးစီးဌာနများ၏လက်ခံမှုစာရင်းအရ၇၈၀Vial ဖြစ်သဖြင့် အရေအတွက် ၄၀ Vial ကွဲလွဲနေပြီး တိုင်းဒေသကြီး ကုသရေးဦးစီးဌာနမှ ရှင်းလင်းပြန်ကြားမှု မရှိသေးခြင်း၊ ဝယ်ယူသည့် ဆေးနှင့် ဆေးပစ္စည်း (၂၃) မျိုးအတွက် ဆေးနှင့် ဆေးပစ္စည်း Invoice နှင့် တိုင်းဒေသကြီး ကုသရေးဦးစီးဌာနက တင်ပြသော မြို့နယ်များသို့ ခွဲဝေပေးသည့် စာရင်း အရသာ စစ်ဆေးခဲ့ပြီး ဆေးနှင့် ဆေးပစ္စည်း လယ်ဂျာ၊ မြို့နယ်များသို့ ဆေးနှင့်ဆေးပစ္စည်း ထုတ်ပေး၊ လက်ခံ၊ အထောက်အထားများအား စစ်ဆေးနိုင်မှု မရှိခြင်း၊

(စစ) ခုတင်(၅၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီး၊ ပဲခူးမြို့၏ COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး၊ ကုစားရေးနှင့် ဆက်စပ်သည့် အသုံး စရိတ်များ၊ ဆေးနှင့်ဆေး ပစ္စည်း(၂၉)မျိုး၊ လှူဒါန်းသည့်ပစ္စည်း (၄၂)မျိုး နှင့် Tender ဆေးနှင့်ဆေးပစ္စည်းများ (၂၇)မျိုး ရရှိကြောင်း တင်ပြချက် အရ သိရှိရသော်လည်း ဌာနသို့ ဆက်သွယ်၍ မရသဖြင့် စစ်ဆေးနိုင်မှု မရှိခြင်း၊ ပြည်မြို့၊ ခုတင် (၅၀၀)အထွေထွေရောဂါကုဆေးရုံကြီး၏ ခွင့်ပြု ငွေနှင့် ထောက်ပံ့ပစ္စည်းများ ရရှိ၊ သုံးစွဲမှုအခြေ အနေတို့ကို စာရင်း အထောက်အထားများ တောင်းခံရန် ဆက်သွယ်၍ မရသောကြောင့် စစ်ဆေးနိုင်မှုမရှိခြင်း၊ ပြည်သူ့ဆေးရုံကြီး၊ တောင်ငူမြို့၏ COVID-19 ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် အသုံးစရိတ်များအား စာရင်းဇယားများတင်ပြလာမှုမရှိသေးသဖြင့် စစ်ဆေးနိုင်မှု မရှိခြင်း၊

(၃) ဆေးသုတေသနဦးစီးဌာန(ရုံးချုပ်)၏ COVID-19 နှင့် CERP’s Action Planအရ အသုံးစရိတ် ကျပ်သန်း ၂၁၅.၅၁၅ သုံးစွဲခဲ့ကြောင်း စာရင်းချုပ် ပေးပို့ခဲ့ သော်လည်း စာရင်းစစ်ဆေးရန် ဌာနနှင့်ဆက်သွယ်မှုအခက်အခဲရှိ၍ ရန်ကုန်တိုင်း ဒေသကြီးစာရင်းစစ်ချုပ်ရုံးမှ စစ်ဆေးနိုင်မှုမရှိသေးခြင်း၊

(၄) ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနမှ ဒေသအသီးသီးတွင် သုံးစွဲခဲ့သည့် COVID-19အသုံးစရိတ် ကျပ်သန်း ၂၀၃.၂၂၃ နှင့် စပ်လျဉ်း၍ ကချင်၊ ကယား၊ ချင်း၊ စစ်ကိုင်း၊ မန္တလေး၊ ရခိုင်၊ ရန်ကုန်၊ ရှမ်းနှင့် ဧရာဝတီတိုင်းဒေသကြီး/ပြည်နယ်စာရင်းစစ်ချုပ်ရုံးများမှ စစ်ဆေးနိုင်ရေးအတွက် စာရင်းအထောက်အထားများ အချိန်မီတင်ပြနိုင်မှုမရှိသဖြင့် စစ်ဆေးနိုင်မှုမရှိခြင်း၊

(၅) တိုင်းရင်းဆေးပညာဦးစီးဌာနမှ ဒေသအသီးသီးတွင်သုံးစွဲခဲ့သည့် COVID-19 အသုံးစရိတ် ကျပ်သန်း ၃.၇၀၀ နှင့်စပ်လျဉ်း၍ ကချင်၊ ကယား၊ချင်း၊စစ်ကိုင်း၊ မန္တလေး၊ ရခိုင်၊ ရန်ကုန်၊ ရှမ်းနှင့် ဧရာဝတီတိုင်းဒေသကြီး/ပြည်နယ် စာရင်းစစ်ချုပ်ရုံးများမှ စစ်ဆေးနိုင်ရေးအတွက် စာရင်းအထောက်အထားများ အချိန်မီ တင်ပြနိုင်မှု မရှိသဖြင့် စစ်ဆေးနိုင်မှုမရှိခြင်း။

**(စ) လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

(၁) ပြန်လည်ထူထောင်ရေးဦးစီးဌာန

(ကက) နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီး/ ပြည်နယ်များရှိ ဆင်းရဲနွမ်းပါးသည့် မသန်စွမ်းသူများနှင့် Lock Down မိသားစု (၆၀၀) ဦးအား တစ်ဦးလျှင် ကျပ် ၅၀,၀၀၀ နှုန်း ထောက်ပံ့ပေးရန်အတွက် မသန်စွမ်းသူများ COVID-19 အရေးပေါ်တုံ့ပြန်ရေး ပူးပေါင်း ကော်မတီမှ စာရင်းပြုစု တင်ပြတောင်းခံလာမှုအပေါ် ကျပ်သန်း ၃၀.၀၀၀ ထောက်ပံ့ခြင်းတွင်ကယား၊ ကရင်နှင့် မွန်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ နေပြည်တော်ကောင်စီတို့၌ ထောက်ပံ့ထားသော (၂၀၀) ဦး အတွက် ကျပ်သန်း ၁၀.၀၀၀ အား ထောက်ပံ့ပြီးစီးမှုကို ကော်မတီမှ တစ်ဦးချင်း ငွေလက်ခံရရှိကြောင်း တံဆိပ်ခေါင်းကပ် လက်မှတ်ရေးထိုး၍ ဌာနသို့ ပြန်လည်ပေးပို့သည့် အထောက်အထားများအရ တွေ့ရှိရသော်လည်း ကျန်တိုင်းဒေသကြီး / ပြည်နယ် တို့တွင် ထောက်ပံ့ထားသော ၄၀၀ ဦး အတွက် ထောက်ပံ့ကြေး ကျပ်သန်း ၂၀.၀၀၀ လက်ခံရရှိကြောင်း မူရင်းပြေစာများ စုစည်း ပေးပို့နိုင်မှု မရှိသဖြင့် စစ်ဆေးနိုင်မှု မရှိသေးခြင်း၊

(ခခ) မသန်စွမ်းအနာကြီးရောဂါသည်(၁၈၀) ဦးအားတစ်ဦးလျှင်ကျပ် ၅၀,၀၀၀ နှုန်း ထောက်ပံ့ပေးရန် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ စာရင်းပြုစုပေးပြီး

၎င်းတို့အား ထောက်ပံ့ပေးရန်အတွက် တာဝန်ခံ ဆရာဝန်၊ အနာကြီး ရောဂါ တိုက်ဖျက်ရေးဌာနစိတ်၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနသို့ ကျပ်သန်း ၉.၀၀၀ ငွေလွှဲပြောင်း ပေးအပ်ခဲ့သော်လည်း အကျိုးခံစား ခွင့်ရရှိသူများမှ လက်ခံရရှိကြောင်း မူရင်းပြေစာများ စုစည်းတင်ပြနိုင်မှုမရှိသဖြင့် စစ်ဆေးနိုင်မှု မရှိသေးခြင်း၊

(ဂဂ) မသန်စွမ်းသက်ကြီးရွယ်အို (၃၃၉၇) ဦးအား တစ်ဦးလျှင် ကျပ် ၃၀,၀၀၀ နှုန်း ထောက်ပံ့ပေးရန်အတွက် လူမှုဝန်ထမ်းဦးစီးဌာနမှ အသိအမှတ်ပြု ထောက်ပံ့လျက်ရှိသော တိုင်းဒေသကြီး/ ပြည်နယ်များရှိ ဘိုးဘွားရိပ်သာများအနက် စစ်ကိုင်း၊ မန္တလေး နှင့် ရန်ကုန်တိုင်းဒေသကြီး၊ ရခိုင်ပြည်နယ် ၊ ရှမ်းပြည်နယ် နှင့် နေပြည်တော်ကောင်စီတို့မှ ဘိုးဘွားရိပ်သာ ၃၇ ခုရှိ ဘိုးဘွားဦးရေ ၁၇၂၅ ဦးနှင့် အပြည်ပြည်ဆိုင်ရာသက်ကြီး ရွယ်အိုများ အဖွဲ့မှ စာရင်းပြုစုပေးသည့် ဘိုးဘွားဦးရေ ၁၆၇၂ ဦး တို့အတွက် ထောက်ပံ့ငွေ ကျပ်သန်း၁၀၁.၉၁၀အား သက်ဆိုင်ရာ တိုင်းဒေသကြီး / ပြည်နယ် လူမှုဝန်ထမ်းဦးစီးဌာနများနှင့် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများအဖွဲ့သို့ ငွေလွှဲပြောင်းပေးပို့၍ အကျိုးခံစားခွင့် ရရှိသူများအား ထောက်ပံ့ပေးခဲ့ပါသည်။ ငွေကြေးထောက်ပံ့ပြီးစီးမှုမှာ ရန်ကုန်တိုင်းဒေသကြီးမှ ၆၆၅ ဦးနှင့် ရှမ်းပြည်နယ်မှ ၅၇ ဦးအနက် ၃၀ ဦး စုစုပေါင်း ၆၉၅ ဦးအတွက် ကျပ်သန်း ၂၀.၈၅၀ အား ထောက်ပံ့ပြီးစီးမှုကို လက်ခံရရှိကြောင်း မူရင်းပြေစာ အထောက်အထားများအရ တွေ့ရှိရသော်လည်း မန္တလေးတိုင်းဒေသကြီး ၄၁၇ ဦး၊ စစ်ကိုင်းတိုင်းဒေသကြီး ၂၁၇ ဦး၊ ရခိုင်ပြည်နယ် ၁၄၅ ဦး၊ နေပြည်တော်ကောင်စီ ၂၂၄ ဦး၊ ရှမ်းပြည်နယ်မှ ကျန် ၂၇ ဦးနှင့် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများ အဖွဲ့မှ ထောက်ပံ့ထားသော ၁၆၇၂ ဦး စုစုပေါင်း ၂၇၀၂ ဦး အတွက် ထောက်ပံ့ကြေးငွေ ကျပ်သန်း ၈၁.၀၆၀ မှာလက်ခံရရှိကြောင်း မူရင်းပြေစာများ စုစည်းပေးပို့နိုင်မှု မရှိသဖြင့် စစ်ဆေးနိုင်မှု မရှိသေးခြင်း။

(ဃဃ) မသန်စွမ်းသူ ၂၀၀၀၀၀ ဦးအား တစ်ဦးလျှင် ကျပ် ၃၀,၀၀၀ နှုန်းဖြင့် ထောက်ပံ့ပေးရန်အတွက် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/

ပြည်နယ်များရှိလူမှုဝန်ထမ်းဦးစီးမှူးရုံးများနှင့် မြန်မာနိုင်ငံမသန်စွမ်းသူများအသင်းချုပ်တို့မှ စာရင်းပြုစုပေးမှုအပေါ် ထောက်ပံ့ငွေများ ပေးအပ်ရန် တိုင်းဒေသကြီး/ ပြည်နယ်လူမှုဝန်ထမ်း ဦးစီးမှူးရုံးများနှင့် မြန်မာနိုင်ငံမသန်စွမ်းသူများ အသင်းချုပ်သို့ ငွေလွှဲပြောင်းပေးခဲ့ပါသည်။ စစ်ဆေးချိန် ၁၇-၃-၂၀၂၀ နေ့ထိ မသန်စွမ်းသူ ၈၃၆၂၀ ဦး ထောက်ပံ့ ပြီးစီးမှုကို လက်ခံရရှိကြောင်း မူရင်းပြေစာ အထောက်အထားများအရ တွေ့ရှိရပြီး မသန်စွမ်းသူ ၁၁၆၃၈၀ ဦး အတွက် ထောက်ပံ့ငွေ ကျပ်သန်း ၃,၄၉၁.၄၀၀ မှာ မူရင်းပြေစာများ စုစည်းပေးပို့နိုင်မှုမရှိသဖြင့် စစ်ဆေး နိုင်မှု မရှိသေးခြင်း။

| စဉ် | ဌာန | ထောက်ပံ့ ဦးရေ | ပြေစာရရှိမှု ဦးရေ | ပြေစာမရရှိ သည့်ဦးရေ |
|---|---|---|---|---|
| **လူမှုဝန်ထမ်းဦးစီးမှူးရုံးများ** | | | | |
| ၁။ | ကချင်ပြည်နယ် | ၇၆၀၉ | - | ၇၆၀၉ |
| ၂။ | ကယားပြည်နယ် | ၉၆၉ | ၉၆၉ | - |
| ၃။ | ကရင်ပြည်နယ် | ၆၉၂၆ | ၆၉၂၆ | - |
| ၄။ | ချင်းပြည်နယ် | ၆၁၂၄ | ၄၈၀၄ | ၁၃၂၀ |
| ၅။ | စစ်ကိုင်းတိုင်းဒေသကြီး | ၂၂၇၂၅ | - | ၂၂၇၂၅ |
| ၆။ | တနင်္သာရီတိုင်းဒေသကြီး | ၃၆၀၄ | ၃၆၀၄ | - |
| ၇။ | ပဲခူးတိုင်းဒေသကြီး | ၁၈၈၂၁ | ၁၃၃၅၄ | ၅၄၆၇ |
| ၈။ | မကွေးတိုင်းဒေသကြီး | ၁၁၄၃၄ | ၁၁၀၇၆ | ၃၅၈ |
| ၉။ | မန္တလေးတိုင်းဒေသကြီး | ၂၆၃၀၅ | ၁၇၀၈၂ | ၉၂၂၃ |
| ၁၀။ | မွန်ပြည်နယ် | ၁၁၇၃၈ | ၄၅၈၅ | ၇၁၅၃ |
| ၁၁။ | ရခိုင်ပြည်နယ် | ၇၅၁၄ | ၇၅၁၄ | - |
| ၁၂။ | ရန်ကုန်တိုင်းဒေသကြီး | ၂၀၃၀၁ | - | ၂၀၃၀၁ |
| ၁၃။ | ရှမ်းပြည်နယ် | ၁၄၅၆၂ | ၉၄၇၃ | ၅၀၈၉ |
| ၁၄။ | ဧရာဝတီတိုင်းဒေသကြီး | ၂၅၉၈၆ | - | ၂၅၉၈၆ |
| ၁၅။ | နေပြည်တော်ကောင်စီ | ၄၂၀၀ | ၄၂၀၀ | - |
| ၁၆။ | ECI Centre | ၃၃ | ၃၃ | - |
| **မြန်မာနိုင်ငံမသန်စွမ်းသူများအသင်းချုပ်** | | | | |
| ၁။ | Repid Assessment | ၆၃၈ | - | ၆၃၈ |
| ၂။ | မြန်မာနိုင်ငံမသန်စွမ်းသူများ အသင်းချုပ် | ၁၀၀၃၅ | - | ၁၀၀၃၅ |
| ၃။ | မြန်မာနိုင်ငံမျက်မမြင်အသင်း | ၁၈၆ | - | ၁၈၆ |
| ၄။ | IDP စခန်း | ၂၈၀ | - | ၂၈၀ |
| | **စုစုပေါင်း** | **၂၀၀၀၀၀** | **၈၃၆၂၀** | **၁၁၆၃၈၀** |

(ငင) အနာကြီးရောဂါသည်ဦးရေ ၁၄၇၂၀ ဦးအား တစ်ဦးလျှင် ကျပ် ၅၀,၀၀၀ နှုန်းဖြင့် ထောက်ပံ့ခြင်းတွင် မရမ်းချောင် စောင့်ရှောက်ရေးဂေဟာ၊ လှိုင်လင် စောင့်ရှောက် ရေးဂေဟာနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့မှ အနာကြီး ရောဂါ ခံစားနေသူများ စာရင်းကောက်ယူ၍ တင်ပြမှုအပေါ် အနာကြီးရောဂါသည်များ ကို ထောက်ပံ့ငွေများ ပေးအပ်ရန် ဂေဟာတာဝန်ခံများနှင့် တာဝန်ခံ ဆရာဝန်၊ အနာကြီးရောဂါတိုက်ဖျက်ရေးဌာနစိတ်၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနသို့ ငွေလွှဲ ပြောင်းပေးအပ်ခဲ့ပြီး အနာကြီးရောဂါသည်များအား ငွေကြေးထောက်ပံ့မှုတွင် လှိုင်လင်စောင့်ရှောက်ရေးဂေဟာမှ ၂၂၆ ဦး အတွက် ကျပ်သန်း ၁၁.၃၀၀ ထောက်ပံ့မှုအတွက် မူရင်းပြေစာများရရှိ စစ်ဆေးနိုင်ခဲ့ သော်လည်းမရမ်းချောင် စောင့်ရှောက်ရေးဂေဟာမှ ၁၄၅ ဦး ကျပ်သန်း ၇.၂၅၀ နှင့်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှ ၁၄၃၄၉ ဦး ကျပ်သန်း ၇၁၇.၄၅၀ အတွက် မူရင်းပြေစာများ စုစည်းပေးပို့နိုင်မှု မရှိသဖြင့် စစ်ဆေးနိုင်မှု မရှိသေးခြင်း၊

**(ဆ) ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန**

(၁) ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန

(ကက) ကချင်ပြည်နယ်အတွင်းရှိ ဗန်းမော်ရုံးခွဲ အသုံးစရိတ်များနှင့်စပ်လျဉ်း၍ စစ်ဆေးနိုင်မှုမရှိသေးခြင်းအား ဦးစီးဌာနရုံးချုပ်မှ ၂၃-၃-၂၀၂၂ ရက်စွဲပါ စာဖြင့် စာရင်းစစ်ဆေးမှုခံယူနိုင်ရေးအတွက် အကြောင်းကြားထားပြီး ဖြစ်၍ ဗန်းမော်ရုံးခွဲအနေဖြင့် သက်ဆိုင်ရာ စာရင်းစစ်ရုံးနှင့် ဆက်သွယ် ဆောင်ရွက်ရန် လိုအပ်ခြင်း။

(ခခ) စာရင်းအထောက်အထားများ အချိန်မီ တင်ပြနိုင်မှု မရှိခြင်းကြောင့် ကယား ၊ ကရင်၊ ချင်း ၊ စစ်ကိုင်း ၊မကွေး ၊ မန္တလေး၊ ၊ မွန်၊ ရခိုင်၊ ရှမ်း၊ ရန်ကုန်၊ ရောဝတီ တိုင်းဒေသကြီး/ပြည်နယ် စာရင်းစစ်ချုပ်ရုံးများမှ စာရင်းစစ်ဆေးနိုင်မှုမရှိသေးခြင်း၊

**(ဈ)** **ပညာရေးဝန်ကြီးဌာန၊** ပဲခူးတိုင်းဒေသကြီးပညာရေးမှူးရုံးမှ ခွဲဝေပေးသည့် အသုံးစရိတ် အတိုင်း သုံးစွဲထားသော်လည်း ကျောက်ကြီးမြို့နယ်အတွင်းရှိ အောက်ဖော်ပြပါ ကျောင်းများမှ ရှင်းတမ်းနှင့်အသုံးစရိတ်ပြေစာများတင်ပြနိုင်မှုမရှိခြင်း-

| စဉ် | ကျောင်းအမည် | သုံးစွဲငွေ(ကျပ်သန်း) |
|---|---|---|
| ၁။ | မူလွန်- မြန်မာမျက်ရဲ | ၀.၁၈၆ |
| ၂။ | မူလွန်-ရွှေသောင် | ၀.၁၈၆ |
| ၃။ | မူလွန်- ကျွန်ကြီး | ၀.၁၈၆ |
| ၄။ | မူလွန်-တိုးဝါးစိုက် | ၀.၁၈၆ |
| ၅။ | မူလွန်- သာစည် | ၀.၁၈၆ |
| ၆။ | မူလွန်-သောင်လည် | ၀.၁၈၆ |
| ၇။ | မူလွန်- နွယ်တန်း | ၀.၁၈၆ |
| ၈။ | မူလွန်-အင်းကြင်းကုန်း | ၀.၁၈၆ |

၁၈။ အသုံးစရိတ်ပြေစာအထောက်အထားများ၊ မှတ်တမ်းများပြည့်စုံစွာမရှိခြင်းနှင့်ဆက်သွယ်ရန် အခက်အခဲရှိခြင်းတို့ကြောင့် စစ်ဆေးနိုင်မှုမရှိသဖြင့် စစ်ဆေးမှုခံယူနိုင်ရေး တာဝန်ရှိသူများမှ စီစဉ် ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း သုံးသပ်ပါသည်။

**Covid -19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး၊ ကုစားရေးတို့နှင့် ဆက်စပ်သည့် အသုံးစရိတ်များနှင့် CERP’s Action Plan အရ အသုံးစရိတ်များဖြင့် ဝယ်ယူထားသည့် ပစ္စည်းများ ဒေသရုံးများ သို့ပေးပို့မှုနှင့် ဖြန့်ဝေမှု အခြေအနေ**

၁၉။ COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး၊ ကုစားရေးတို့နှင့် ဆက်စပ်သည့် အသုံးစရိတ် များနှင့် CERP’s Action Plan အရ အသုံးစရိတ်များဖြင့် ဝယ်ယူထားသည့် ပစ္စည်းများဒေသရုံးများသို့ ပေးပို့သည့် စာရင်းနှင့်လက်ခံရရှိမှုစာရင်းတို့ ကွဲလွဲနေခြင်းနှင့်ပစ္စည်းများဖြန့်ဝေနိုင်မှု မရှိသေးခြင်းတို့ကို အောက်တွင် ဖော်ပြပါသည်-

**(က)** **လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊** ရေနံထွက်ပစ္စည်း ကြီးကြပ်စစ်ဆေးရေးဦးစီးဌာန ရုံးချုပ် မှ ပင်မသိုလှောင်ဖြန့်ဖြူးရေးဌာနကြီး(ခ)အဆင့် ပဋ္ဌနဂိုရ်သို့ Mask (၆၆၀) ခု ပေးပို့ခဲ့သော်လည်း ပင်မသိုလှောင်ဖြန့်ဖြူးရေးဌာနကြီး(ခ)အဆင့်မှMask (၁၁၀၀) ခု ပိုးသတ်ဆေး ၂၀ လီတာ (၁) ဘူးနှင့် PPE ဝတ်စုံ (၂)စုံရရှိကြောင်းတွေ့ရှိရသဖြင့် ရုံးချုပ်

မှပေးပို့သည့် စာရင်းနှင့် ပင်မသိုလှောင်ဖြန့်ဖြူးရေး ဌာနကြီး (ခ) မှ လက်ခံရရှိသည့် စာရင်းတို့ကွဲလွဲနေခြင်း၊

**(ခ) လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

(၁) ပြန်လည်ထူထောင်ရေးဦးစီးဌာနမှ COVID-19 အကြောင်း အလွယ်တကူ သိကောင်း စရာ Booklet အား မျက်မမြင်လက်စမ်းစာ (မူသစ်) အုပ်ရေ ၅၀၀ အုပ်ရရှိမှု၊ ဖြန့်ဝေမှုများကို စစ်ဆေးရာတွင် ဘဝသစ် မျက်မမြင်ကျောင်းသို့ ၅၀ အုပ်၊ မေတ္တာဥယျာဉ်ပညာသင်ကျောင်းသို့ ၁၆ အုပ်နှင့် ရွှေဆောင်မျက်မမြင် ကျောင်းသို့ ၃၃ အုပ် စုစုပေါင်း ၉၉ အုပ်သာ ထုတ်ပေးထားပြီး ၄၀၁ အုပ်မှာ ဖြန့်ဝေနိုင်မှုမရှိသေးခြင်းနှင့် COVID-19 အကြောင်းအလွယ်တကူသိကောင်းစရာ များ လက်ကမ်းစာစောင် ၃၀၀၀၀ အုပ် ရရှိမှု၊ ဖြန့်ဝေပေးမှုများကို စစ်ဆေးချိန် ၃/၂၀၂၁ လအထိ ဖြန့်ဝေနိုင်မှု မရှိသေးခြင်း။

(၂) ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန မှ CERP’s Action Plan ပန်းတိုင်အမှတ် ၂.၃.၄ (က) အရ ရေရှားပါးပြတ်လပ်သော ဒေသများတွင် သောက်သုံးရေများ သိုလှောင်ထားရှိနိုင်ရန် ဖိုက်ဘာရေတိုင်ကီများ ထောက်ပံ့ရန် ဘေးအန္တရာယ် ဆိုင်ရာ စီမံခန့်ခွဲမှု ဦးစီးဌာန (ရုံးချုပ်) မှ တင်ဒါခေါ်ယူ၍ တင်ဒါအောင်မြင်သည့် ကုမ္ပဏီ ၄ ခုဖြင့် စာချုပ်ချုပ်ဆို ဆောင်ရွက်၍ ဝယ်ယူခဲ့သော ဂါလံ ၂၄၀၀ ဆံ့ ၁၀၀ လုံးနှင့် ဂါလံ ၁၆၀၀ ဆံ့ ၁၀၀ လုံးတို့အား သက်ဆိုင်ရာကုမ္ပဏီများ၏ ဂိုဒေါင် များတွင်ထားရှိပြီး စစ်ဆေးချိန် ၃/၂၀၂၁ လအထိ ဖြန့်ခွဲပေးနိုင်မှု မရှိသေး ခြင်း။

၂၀။ အစိုးရ ဌာန၊ အဖွဲ့အစည်းများမှ COVID-19 ကာကွယ် ထိန်းချုပ်၊ ကုသရေး၊ ကုစားရေးတို့နှင့် ဆက်စပ်သည့်အသုံးစရိတ်နှင့် CERP’s Action Plan အရ အသုံးစရိတ်တို့ဖြင့် ဝယ်ယူထားသည့် ပစ္စည်းများကို ဒေသများသို့ဖြန့်ဝေရာတွင် စာရင်းများ ပြည့်စုံစွာထားရှိရန်နှင့် အမြန်ဆုံးဖြန့်ဝေနိုင်ရေး တာဝန်ရှိသူများမှ အလေးထားဆောင်ရွက်သင့်ပါသည်။

**အိမ်ထောင်စုများအား ငွေ/ပစ္စည်းထောက်ပံ့ခြင်းနှင့် သက်သာခွင့်ပြုခြင်း**

**အိမ်ထောင်စုများအား အခြေခံစားကုန် (၅) မျိုးနှင့်ငွေကြေးထောက်ပံ့ခြင်း**

၂၁။ **ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊** အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း COVID-19 Economic Relief Plan ပန်းတိုင်(၄)အရ အိမ်ထောင်စုများအပေါ် ဆိုးကျိုး သက်ရောက်မှု လျော့နည်းနည်းပါးစေရန် ဆောင်ရွက်ခြင်း လုပ်ငန်းအစီအစဉ် ၄.၁.၂ ၊ ငွေကြေးနှင့် စားသောက်ကုန်ပစ္စည်းများပံ့ပိုးကူညီခြင်း ၄.၁.၂ (က)နှင့် (ဃ) အရ နေပြည်တော် ကောင်စီ နယ်မြေနှင့် တိုင်းဒေသကြီး/ ပြည်နယ်များရှိ ပုံမှန်ဝင်ငွေမရှိသော အိမ်ထောင်စုများအား အခြေခံ စားကုန် (၅) မျိုး (ဆန်၊ ဆီ ၊ ဆား ၊ ပဲ၊ ကြက်သွန်နီ)ထောက်ပံ့ခြင်း ကျပ်သန်း ၇၀,၁၉၅.၁၄၈ နှင့် ငွေကြေးထောက်ပံ့ခြင်း (တစ်အိမ်ထောင်လျှင် ကျပ် ၂၀,၀၀၀ နှုန်းဖြင့် (၃)ကြိမ် ထောက်ပံ့ခြင်း) ကျပ်သန်း ၃၃၄,၀၉၃.၆၆၀ တို့နှင့် စပ်လျဉ်း၍ စစ်ဆေးတွေ့ရှိချက်များကို အောက်တွင် ဖော်ပြပါသည်-

(က) ပြည်ထောင်စုနယ်မြေနေပြည်တော်အတွင်းရှိ ပုံမှန်ဝင်ငွေမရှိသော အခြေခံ လူတန်းစား အိမ်ထောင်စု ၁၄၀၈၄၈ စု အား အခြေခံစားကုန် (၅)မျိုး (ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ကြက်သွန်နီ) ဖြန့်ဝေထောက်ပံ့ငွေ ကျပ်သန်း ၁၇၉၀.၀၂၈ နှင့်စပ်လျဉ်း၍ နေပြည်တော် ကောင်စီ၏ ၂၀-၄-၂၀၂၀ ရက်စွဲပါစာဖြင့် တာဝန်ပေးချက်အရ နေပြည်တော် စာရင်းစစ်ရုံးမှစစ်ဆေးပြီး ၂၁-၇-၂၀၂၀ ရက်စွဲဖြင့် ထုတ်ပြန်ပေးပို့ခဲ့သည့် အစီရင်ခံစာပါ စစ်ဆေးတွေ့ရှိချက်များအရ စားကုန်ပစ္စည်းများ ဝယ်ယူရန် ရန်ပုံငွေများအား ခွဲဝေ ထုတ်ပေးခြင်း၊ ငွေပေးချေခြင်းများ အတွက် မှန်ကန်ခိုင်လုံသည့် အထောက်အထား များဖြင့် စနစ်တကျမှတ်တမ်းတင်ထားရှိမှုမရှိခြင်း၊ ရငွေ၊ သုံးငွေများအတွက် ငွေစာရင်း စာအုပ်ဖွင့်လှစ်၍မှတ်တမ်းတင်ရေးသွင်းထားမှုမရှိခြင်း၊ပစ္စည်းဝယ်ယူမှုအတွက် ရှင်းတမ်း အထောက်အထားများပြည့်စုံမှုမရှိခြင်း၊ ငွေစာရင်းရှင်းတမ်းပြုစုတင်ပြရာတွင် ငွေသား အမှန်ရရှိ၊သုံးစွဲမှုများအတွက်ရေးဆွဲတင်ပြထားမှုမရှိခြင်း၊ပစ္စည်းဝယ်ယူသည့်အသုံးစရိတ် ပြေစာများကို ပြေစာအင်္ဂါရပ်နှင့်အညီ ဆောင်ရွက်ထားမှုမရှိခြင်းနှင့် ပစ္စည်းများ လက်ခံ ရရှိမှု၊ ဖြန့်ဖြူးမှုအတွက် ကုန်ပစ္စည်းလယ်ဂျာများ၊ မှတ်တမ်းများ စနစ်တကျ မှတ်တမ်း တင်ရေးသွင်း ထားမှုမရှိခြင်းတို့အား စစ်ဆေးချိန် ၃/၂၀၂၁ လအထိ ပြီးပြတ်အောင် လိုက်နာ ဆောင်ရွက်နိုင်မှု မရှိသေးခြင်း၊

(ခ) မွန်ပြည်နယ်အတွင်း မြို့နယ်(၁၀)မြို့နယ်ရှိ အိမ်ထောင်စုများအတွက် မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှတစ်ဆင့် သက်ဆိုင်ရာကျေးရွာအုပ်စု၊ ရပ်ကွက်၊ ကျေးရွာများရှိ ပြည်သူများသို့ အခြေခံစားကုန်နှင့် ငွေသားထောက်ပံ့ပေးမှုများနှင့် စပ်လျဉ်း၍ မော်လမြိုင်မြို့နှင့် မုဒုံမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများသို့ ဆက်သွယ်၍မရသဖြင့် ထောက်ပံ့ပြီးစီးမှုအခြေအနေအား စစ်ဆေးနိုင်မှုမရှိခြင်း၊ ကျိုက်မရောမြို့နယ်ရှိ အခြေခံလူတန်းစား အိမ်ထောင်စု ၃၄၅၅ နှင့် သထုံမြို့နယ်ရှိ အခြေခံလူတန်းစား အိမ်ထောင်စု ၃၉၇၈ တို့အတွက် စားသောက်ကုန်(၅)မျိုး ဖြန့်ဝေပေးမှုစာရင်းဇယားများ ပြည့်စုံစွာဆောင်ရွက်ထားမှုမရှိ၍ စစ်ဆေးနိုင်မှု မရှိခြင်း ။

၂၂။ အခြေခံစားကုန်(၅)မျိုး ထောက်ပံ့မှု၊ ငွေကြေးထောက်ပံ့ပေးမှုစာရင်းမှတ်တမ်း အထောက်အထားများထိန်းသိမ်းမှုတွင် အားနည်းကြောင်းသုံးသပ်ပါသည်။

**တနင်္သာရီတိုင်းဒေသကြီးသို့လျှပ်စစ်ဓာတ်အားခကင်းလွတ်ခွင့်အတွက် ထောက်ပံ့ခြင်း**

၂၃။ CERP's Action Plan လုပ်ငန်းစဉ်အမှတ် ၄.၁.၁ (က) အိမ်ထောင်စုများအတွက် မီတာခများကို ယူနစ် ၁၅၀ အထိ အခမဲ့သုံးစွဲခွင့်ပြုရန် လုပ်ငန်းအစီအစဉ်အရ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ လျှပ်စစ်သုံးစွဲသူ ပြည်သူများ ဓာတ်အားခကင်းလွတ်ခွင့် ရရှိရန် ၂၀၂၀ ပြည့်နှစ်၊ ဧပြီလမှ ဇွန် ၁၅ ရက်အထိ ကာလအတွက် ဓာတ်အားခထောက်ပံ့ငွေ စုစုပေါင်း ကျပ်သန်း ၃,၂၁၇.၆၉၀ အနက် ကျပ်သန်း ၁,၅၁၈.၄၅၉ ကို ၁၄-၇-၂၀၂၀ နေ့နှင့် ကျပ်သန်း ၁,၆၉၉.၅၀၁ ကို ၁၈-၈-၂၀၂၀ ရက်နေ့ တို့တွင် ယခင်တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၏ "နိုင်ငံတော်မှ ဓာတ်အားခ ထောက်ပံ့ခြင်း" ခေါင်းစဉ်ဖြင့် ဖွင့်လှစ်ထားသည့် OA – 022538 သို့ လွှဲပြောင်းပေးခဲ့ပါသည်။ လျှပ်စစ်ဓာတ်အားခကင်းလွတ်ခွင့်အတွက် ထောက်ပံ့ခြင်းနှင့် စပ်လျဉ်း၍တနင်္သာရီတိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံး၏ စစ်ဆေးတွေ့ရှိချက်အစီရင်ခံစာရရှိပါက ဆက်လက်ဖော်ပြသွားမည်ဖြစ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုရန်ပုံငွေစာရင်းသို့ထည့်သွင်းထားသောCOVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအမျိုးသားအဆင့် ဗဟိုကော်မတီရန်ပုံငွေစာရင်းသို့ထည့်ဝင်ခြင်း**

၂၄။ CERP's Action Plan လုပ်ငန်းစဉ်အမှတ် ၇.၁.၁ (က) COVID-19 ရန်ပုံငွေအတွက် ဘဏ္ဍာငွေ ခွဲဝေသုံးစွဲမှုကိုပြန်လည်ခွဲဝေသတ်မှတ်ခြင်း၊ အစိုးရအဖွဲ့အစည်းများအနေဖြင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် အရအသုံးစာရင်းမှ တတ်နိုင်သလောက် အများဆုံး ၁၀ ရာခိုင်နှုန်း အထိ COVID-19 Fund သို့

ထည့်ဝင်ရန် လုပ်ငန်းစဉ်အရ COVID-19 Fund သို့ ထည့်သွင်းခြင်းဖြစ်ပါသည်။ ယခင် ပြည်ထောင်စု အစိုးရအဖွဲ့အစည်းအဝေးအမှတ်စဉ် ၁၈/၂၀၂၀ ဆုံးဖြတ်ချက်အရ ပြည်ထောင်စုဝန်ကြီးဌာနများက ပြန်လည်အပ်နှံထားသည့် အထွေထွေပိုလျှံရန်ပုံငွေမှ ကျပ်ဘီလီယံ ၁,၀၄၇.၆၃၉ အား ငွေတိုက်ဦးစီးဌာန၏ ငွေထုတ်စာရင်းအမှတ်၊MD-012672 မှ မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေအမည်ဖြင့် ဖွင့်လှစ်ထားသည့် OA -011834 သို့ ၂၅-၉-၂၀၂၀ နေ့တွင် ထည့်သွင်းခဲ့ပါသည်။

၂၅။ အမျိုးသားသဘာဝ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေစာရင်းသို့ ထည့်သွင်းထားသော COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအမျိုးသားအဆင့် ဗဟိုကော်မတီရန်ပုံငွေစာရင်းမှ ထုတ်ယူသုံးစွဲခဲ့သည့် အသုံးစရိတ်များနှင့်စပ်လျဉ်း၍စစ်ဆေးရန် ဒေသစာရင်းစစ်ရုံးများသို့ ၃၁-၃-၂၀၂၁ ရက်စွဲပါစာနှင့် ၁၁-၅-၂၀၂၁ ရက်စွဲပါစာတို့ဖြင့် တာဝန်ပေးအပ်ခဲ့ပြီး အစီရင်ခံစာထုတ်ပြန်နိုင်ရေး ဆောင်ရွက်လျက်ရှိပါသည်။

**အိမ်ထောင်စုများအား သက်သာသောနှုန်းထားဖြင့်ရောင်းချနိုင်ရန်အတွက် အရန်ဆန်နှင့်ဆီ ဝယ်ယူခြင်း**

၂၆။ **စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊** စားသုံးသူရေးရာဦးစီးဌာနမှ COVID-19 Economic Relief Plan ပန်းတိုင်(၄)၊ အိမ်ထောင်စုများအပေါ် ဆိုးကျိုးသက်ရောက်မှု လျော့နည်းနည်းပါးစေရန် ဆောင်ရွက်ခြင်း လုပ်ငန်းအစီအစဉ် ၄.၁.၂ ၊ ငွေကြေးနှင့် စားသောက်ကုန် ပစ္စည်းများပံ့ပိုးကူညီခြင်း ၄.၁.၂ (ခ)အရ ရပ်ရွာအခြေပြု အဖွဲ့အစည်းများနှင့် အသင်းများမှတစ်ဆင့်အရေးပေါ် ရိက္ခာများ ကူညီထောက်ပံ့ပေးရန် လုပ်ငန်းစဉ်နှင့်စပ်လျဉ်း၍ အောက်ပါ တို့ကိုတွေ့ရှိရပါသည်-

(က) စားသုံးသူရေးရာဦးစီးဌာန၏ ထောက်ပံ့ငွေခေါင်းစဉ်မှ ခွဲဝေချထားငွေ ကျပ်သန်း ၃၅,၇၆၄.၅၂၃ ဖြင့် အိမ်ထောင်စုများ သက်သာသော နှုန်းထားဖြင့် ရောင်းချနိုင်ရန်အတွက် အရေးပေါ်ရိက္ခာဆန် ၁၀၂၈.၃၀၂ အိတ် (တန်ချိန် ၅၀,၃၇၄.၉၅၁) တန်ဖိုး ကျပ်သန်း ၂၂,၂၁၁.၃၂၃ နှင့် အရန်ရိက္ခာစားအုန်းဆီ တန်ချိန် ၁၂,၀၀၀ တန်ဖိုး ကျပ်သန်း ၁၃,၅၅၃.၂၀၀ ကိုဝယ်ယူခဲ့ခြင်း၊

(ခ) ဝယ်ယူသိုလှောင်ထားရှိသော အရေးပေါ်ရိက္ခာဆန်များ အလေးချိန် လျော့နည်းမှုနှင့် အရည်အသွေးထိခိုက်ဆုံးရှုံးမှုမရှိစေရေးအတွက် အရေးပေါ်ရိက္ခာဆန် တန်ချိန် ၅၀၀၀၀ ကျော် အနက်မှ ဆန်တန်ချိန် ၂၅၀၀၀ အား အရေးပေါ်ရိက္ခာဆန် ပေးသွင်းထားသည့် ကုမ္ပဏီများသို့ ပြန်လည်ဖြန့်ဖြူးရောင်းချရန်၊ ပြည်တွင်း၌ လက်လီ အရောင်းဆိုင်များ

ဖွင့်လှစ်၍ ရောင်းချမည့် အစီအစဉ်ကို မူလလျာထားချက် တန်ချိန် ၅၀၀၀၀ အစား ဆန်တန်ချိန် ၁၀၀၀၀ သာ လျာထားသတ်မှတ်ရန်နှင့် အရေးပေါ် အခြေအနေ ပေါ်ပေါက်လာပါက အသင့်ဖြန့်ဖြူးနိုင်ရန် ဆန်တန်ချိန် ၁၅၀၀၀ အား အရန်သင့် သိုလှောင်ထားရှိရန်ကိစ္စကို COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအမျိုးသားအဆင့် ဗဟိုကော်မတီ၏ ခွင့်ပြုချက်အရစားသုံးသူရေးရာဦးစီးဌာနအနေဖြင့် ဝယ်ယူရရှိခဲ့သည့် အရေးပေါ်ရိက္ခာဆန် (တန်ချိန် ၅၀၃၇၄.၉၅၁) အနက်မှ စစ်ဆေးချိန် ၃/၂၀၂၁ လအထိ လက်လီဆိုင်များတွင် ပြန်လည်ရောင်းချရန် ထုတ်ပေးမှု ၇၈၆၂.၉၉၄ တန် (၁၅.၆၁ %)၊ Expoter ကုမ္ပဏီများသို့ ပြန်လည်ရောင်းချမှု ၃၃၀၉၄.၉၀၂ တန် (၆၅.၇၀ %) နှင့် ရခိုင်ပြည်နယ်သို့ ထောက်ပံ့မှု ၂၄၉.၉၈၈ တန် (၀.၅၀%)စုစုပေါင်း ၄၁၂၀၇.၈၈၄ တန်ဖြစ်ပြီး ၂၁-၃-၂၀၂၁ နေ့ လက်ကျန်မှာ ၉,၁၆၇.၀၆၇တန် ကျန်ရှိပါသည်။ ပြည်သူများတိုက်ရိုက် ဝယ်ယူနိုင်မည့် လက်လီဆိုင်များအတွက် ရောင်းချပေးမှုမှာ ၁၅.၆၁ % သာရှိပြီး ပြည်ပတင်ပို့ရန်အတွက် ကုမ္ပဏီများသို့ရောင်းချမှုမှာ ၆၅.၇၀ % ရှိနေကြောင်း တွေ့ရှိရခြင်း၊

(ဂ) ရန်ကုန်တိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာနသို့ ထောက်ပံ့ငွေ ခေါင်းစဉ်မှ ခွဲဝေချထားပေးသောငွေ ကျပ်သန်း ၁၃,၅၅၃.၂၀၀ ဖြင့် ဝယ်ယူထားသော အရန်ရိက္ခာစားအုန်းဆီတန်ချိန် ၁၂၀၀၀ ကို ရန်ကုန်တိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာန၏ ၂၈-၉-၂၀၂၀ ရက်စွဲပါစာဖြင့် နိုင်ငံတော်အရေးပေါ် ရိက္ခာစားအုန်းဆီများကို နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့ရုံးများထံသို့ ၁-၇-၂၀၂၀ နေ့မှ ၄-၉-၂၀၂၀ နေ့အတွင်း တန်ချိန် ၁၂၀၀၀ ကို ထုတ်ပေးပြီး ဖြစ်ကြောင်း ဌာနမှ ရှင်းလင်းတင်ပြချက်အရ တွေ့ရှိရခြင်း၊

(ဃ) စားသုံးသူရေးရာဦးစီးဌာန၏ ထောက်ပံ့ငွေအသုံးစရိတ်ခေါင်းစဉ်မှ ဝယ်ယူထားသည့် ရိက္ခာဆန်များအား ရောင်းဈေး သတ်မှတ်၍ ပြန်လည်ရောင်းချခြင်းမှရငွေ ကျပ်သန်း ၆,၅၈၀.၈၂၁ ကို နိုင်ငံတော်သို့ ပြန်လည်ပေးသွင်းခြင်းအတွက် ရငွေခေါင်းစဉ်ဖြင့် စာရင်းတင်ဖော်ပြရန်ဖြစ်သော်လည်း ထောက်ပံ့ငွေအသုံးစရိတ်မှ ခုနှိမ် စာရင်းပြုထားသဖြင့် ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနသို့ ပေးပို့သည့် အသုံးစရိတ်စာရင်းမှာ ကျပ်သန်း ၂၉,၂၉၂.၃၃၄ ဖြစ်နေပြီး အမှန်အသုံးစရိတ်မှာ ဆန်နှင့် ဆီဝယ်ယူမှုတန်ဖိုး ကျပ်သန်း ၃၅,၇၆၄.၅၂၃၊ ၀၃-၀၁၊ လုပ်အားအတွက် ကုန်ကျစရိတ် ခေါင်းစဉ်မှ

ကျပ်သန်း ၇၀.၇၅၁ နှင့် ၀၃-၁၃ ၊ လုပ်ငန်းသုံးပစ္စည်းများခေါင်းစဉ်မှ ကျပ်သန်း ၃၇.၈၈၁ စုစုပေါင်း အသုံးစရိတ် ကျပ်သန်း ၃၅,၈၇၃.၁၅၅ ဖြစ်သဖြင့် ကျပ်သန်း ၆,၅၈၀.၈၂၁ လျော့နည်းနေခြင်း၊

၂၇။ အရေးပေါ်အခြေအနေပေါ်ပေါက်ပါက အသင့်ဖြန့်ဖြူးနိုင်ရန်အတွက် ဆန်တန်ချိန် ၁၅၀၀၀ အရန်သင့်သိုလှောင်ထားရှိရန် စီမံခဲ့သော်လည်း ၂၁-၃-၂၀၂၁ နေ့လက်ကျန် ဆန်တန်ချိန်မှာ ၉,၁၆၇.၀၆၇ ဖြစ်၍ မူလ လျာထားသည့်အတိုင်း အကောင်အထည်ဖော်မှုနှင့် စာရင်းပြုစုမှုအပိုင်းတွင် အားနည်းကြောင်း သုံးသပ်ပါသည်။

**အသုံးစရိတ်များသုံးစွဲရာတွင် ဘဏ္ဍာရေးစည်းမျဉ်းနှင့်ညီညွတ်မှုမရှိခြင်း**

၂၈။ ၂၀၁၉-၂၀၂၀ခု၊ဘဏ္ဍာရေးနှစ်အတွင်း COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး၊ ကုစားရေး တို့နှင့် ဆက်စပ်သည့်အသုံးစရိတ်များနှင့် CERP’s Action Plan အရ အသုံးစရိတ်များအားစစ်ဆေးရာတွင် တည်ဆဲ ဘဏ္ဍာရေးစည်းမျဉ်းများနှင့်ညီညွတ်မှုမရှိခြင်းတို့အားအောက်ပါအတိုင်းတွေ့ရှိရပါသည်-

**(က)** **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊** မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးတွင် သင်တန်း(၆)မျိုး ဖွင့်လှစ်ခြင်းအတွက် သင်တန်းအသုံးစရိတ် စုစုပေါင်း ကျပ်သန်း ၂.၀၄၀ အား အနည်းဆုံး(၅)ရက်မှ (၁၄)ရက်အထိ ဘဏ်မှ ငွေကြိုတင်ထုတ်ယူထားသဖြင့် မြန်မာနိုင်ငံဘဏ္ဍာရေး စီမံခန့်ခွဲမှုဆိုင်ရာ စည်းမျဉ်း ၃၅/၂၀၁၇ ညွှန်ကြားချက်အပိုဒ်- ၁၂၅ ပါ “အသုံးစရိတ် တစ်ရပ်ကို ချက်ချင်းပေးချေရန် မလိုအပ်ဘဲ ဘဏ်မှငွေထုတ်ယူထားခြင်းမရှိစေရ” ညွှန်ကြားချက်နှင့်အညီ ဆောင်ရွက်နိုင်မှုမရှိခြင်း၊

**(ခ)** **သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊** သစ်တောဦးစီးဌာနတွင် ဒိန်းမတ်နိုင်ငံအကူအညီရငွေဖြင့် ဆောင်ရွက်သော FDCCA Project ၏ ငွေလုံးငွေရင်းအသုံးစရိတ် (အခြား)ခေါင်းစဉ်အောက်မှ တတိယသုံးလပတ်တွင် သုံးစွဲခဲ့သည့် COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး၊ ကုစားရေးတို့နှင့် ဆက်စပ်သည့် ပစ္စည်းများဝယ်ယူဖြန့်ဖြူးမှု၌ ဦးစီးရုံးချုပ်(စီမံကိန်း)တွင် ကျပ်သန်း ၃.၃၆၀၊ ရခိုင်ပြည်နယ်တွင် ကျပ်သန်း ၁၁.၆၅၀ နှင့် တနင်္သာရီတိုင်းဒေသကြီးတွင် ကျပ်သန်း ၅.၆၉၀၊ စုစုပေါင်း အသုံးစရိတ် ကျပ်သန်း ၂၀.၇၀၀ မှာ သာမန် အသုံး စရိတ်မှကျခံသင့်သည့် အသုံးစရိတ်များ ဖြစ်သော်လည်း ငွေလုံးငွေရင်း အသုံးစရိတ် မှ ကျခံထားခြင်း၊

**(ဂ) ဆောက်လုပ်ရေးဝန်ကြီးဌာန**

(၁) GRF မှခွင့်ပြုငွေကျပ် ၁၃၀ ဘီလီယံကို နှစ်လွန်အသုံးစရိတ်အဖြစ် စာရင်းတင်ထားသော်လည်း ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း လုပ်ငန်း လုံးဝ စတင်နိုင်ခြင်း မရှိခြင်းနှင့် ဒီဇင်ဘာလ ၂၄ ရက်နေ့မတိုင်မီ ငွေပေးချေနိုင်မှုမရှိခြင်းတို့ကြောင့် နှစ်လွန်အသုံးစရိတ်အဖြစ် စာရင်းတင်ရမည့် အသုံးစရိတ် ညွှန်ကြားချက်နှင့်ကိုက်ညီမှုမရှိခြင်း၊

(၂) နှစ်လွန်အသုံးစရိတ်စာရင်းတင်ထားပြီး ၂၄-၁၂-၂၀၂၀ နေ့တွင် သုံးစွဲမကုန်သည့် ပိုလျှံငွေကျပ် ၉၆,၃၃၃.၃၃၃ သန်းကို ဌာန၏ အခြားရငွေအဖြစ် ပြန်လည်ပေးသွင်းခြင်းမပြုဘဲ ဌာနငွေထုတ်စာရင်းမှထုတ်ယူ၍ ဆောက်လုပ်ရေးဝန်ကြီးဌာန၏ ကြီးကြပ်မှုအောက်ရှိ ဆောက်လုပ်ရေး၊ အိမ်ရာနှင့် အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးဘဏ် (CHIDB) တွင် စာရင်းရှင် စာရင်းဖွင့်လှစ်ထည့်သွင်းထားခြင်းအတွက် ယခင် ပြည်ထောင်စုအစိုးရအဖွဲ့သို့ လည်းကောင်း၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနသို့ လည်းကောင်း တင်ပြခွင့်ပြုချက် ရယူထားမှုမရှိခြင်းနှင့် CHID ဘဏ်တွင် ထည့်သွင်းထားသောငွေများကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အတွင်း ဆက်လက်သုံးစွဲရန် စီစဉ်ထားခြင်းသည် မြန်မာနိုင်ငံ ဘဏ္ဍာရေး စီမံခန့်ခွဲမှု ဆိုင်ရာစည်းမျဉ်း အမိန့်ကြော်ငြာစာအမှတ်၊ ၃၅/၂၀၁၇၊ အပိုဒ် ၄၂ ပါ “ဘဏ္ဍာရေးနှစ် တစ်နှစ်အတွက် ခွင့်ပြုထားသည့်သုံးငွေများကို သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်အတွင်းသာ သုံးစွဲခွင့်ရှိပြီး ဘဏ္ဍာရေးနှစ် ကုန်ဆုံးပြီးနောက် မည်သည့်နည်းနှင့်မျှ သုံးစွဲခွင့်မရှိ”ဟူသော စည်းကမ်းချက်နှင့်ကိုက်ညီမှု မရှိခြင်း၊

(၃) ပြည်သူ့အငှားအိမ်ရာ တိုက် ၆၂၅ လုံး အိမ်ခန်းပေါင်း (၁၀၀၀၀) တည်ဆောက်ရေးလုပ်ငန်းအတွက် လုပ်ငန်းပြီးစီးရမည့်နေ့ကို စာချုပ်ချုပ် ဆိုပြီး ၁၂ လအတွင်း ပြီးစီးရန် သတ်မှတ်ထားပြီး တည်ဆောက်ရေးလုပ်ငန်း တိုးတက်မှု အခြေအနေနှင့်စပ်လျဉ်း၍ ၂၅-၁-၂၀၂၁ နေ့ထိ လုပ်ငန်းတိုးတက်မှုမှာ နေပြည်တော် အိမ်ရာစီမံကိန်းတွင် မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များ အသင်းချုပ် (MCEF) နှင့် မြန်မာနိုင်ငံလိုင်စင်ရ ကန်ထရိုက်တာများ အသင်းချုပ်

(MLCA) တို့က တည်ဆောက်သည့် တိုက် ၂၆ လုံးမှာ 1st Floor Long Column ပြီးစီးသည့်အဆင့်သို့ ရောက်ရှိသော်လည်း ကျန်တိုက် ၅၉၉ လုံးမှာ မြေပြုပြင်ဆဲ၊ Foundation ဆောင်ရွက်ရန် ကျင်းတူးဆဲနှင့် မြေမရရှိသေးသဖြင့် လုပ်ငန်းလုံးဝ စတင်နိုင်မှု မရှိသေးကြောင်းတွေ့ရှိရခြင်း ၊

**(ဃ)** **လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန** မှ CERP အသုံးစရိတ်များအတွက် GRF မှ တောင်းခံငွေမှာ ကျပ်သန်း ၃၅,၈၂၃.၀၀၀ ဖြစ်သော်လည်း အမှန်သုံးစွဲငွေ ကျပ်သန်း ၂၉,၅၁၅.၃၁၉ ဖြစ်ပြီး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန မှ ကျပ်သန်း ၁,၀၃၂.၄၅၄ ၊ လူမှုဝန်ထမ်းဦးစီးဌာနမှ ကျပ်သန်း ၅,၃၇၅.၂၂၇ စုစုပေါင်း ကျပ်သန်း ၆,၄၀၇.၆၈၁ (၁၇.၈၄ %) ပိုလျှံပြန်လည်အပ်နှံခဲ့သဖြင့် CERP အသုံးစရိတ်များ အတွက် GRF မှ တောင်းခံသုံးစွဲရာတွင် အနီးစပ်ဆုံး လျာထားတောင်းခံနိုင်မှုမရှိခြင်း၊

**(င)** **မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**၊ CERP’s Action Plan အရ ဆောင်ရွက်သည့် သင်တန်းများအတွက် ဖွင့်လှစ်ထားသည့် ဘဏ်စာရင်းအား သင်တန်းများ ဆောင်ရွက် ပြီးပါက ပိတ်သိမ်းရမည်ဖြစ်သော်လည်း တိုက်ကြီးမြို့နယ်တွင် ဖွင့်လှစ်ထားသည့် စာရင်းရှင်အမှတ် C-33 အား စစ်ဆေးချိန် ၁၈-၁-၂၀၂၁ နေ့အထိ ပိတ်သိမ်းမှုမရှိသေးခြင်း၊

၂၉။ COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး၊ ကုစားရေး တို့နှင့် ဆက်စပ်သည့် အသုံးစရိတ် များနှင့် CERP’s Action Plan အရ အသုံးစရိတ်များ လျာထားသုံးစွဲရာတွင် တည်ဆဲဘဏ္ဍာရေး စည်းမျဉ်း၊ စည်းကမ်း များအား လိုက်နာဆောင်ရွက်မှု အားနည်းကြောင်း သုံးသပ်ပါသည်။

**တည်ဆောက်ခြင်း/ ပစ္စည်းဝယ်ယူခြင်းများတွင် ယခင်နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အမှတ် ၁/၂၀၁၇နှင့် ၅/၂၀၂၀ ပါ တင်ဒါလုပ်ထုံးလုပ်နည်းနှင့်ညီညွတ်မှုမရှိခြင်း**

၃၀။ ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်အတွင်း COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး၊ ကုစားရေး တို့နှင့် ဆက်စပ်သည့်အသုံးစရိတ်များနှင့် CERP’s Action Plan အရ အသုံးစရိတ်များအားစစ်ဆေးရာတွင် တည်ဆောက်ခြင်း/ ပစ္စည်းဝယ်ယူခြင်းများတွင် ယခင်နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အမှတ် ၁/၂၀၁၇ ပါ တင်ဒါလုပ်ထုံးလုပ်နည်းနှင့်ညီညွတ်မှုမရှိခြင်းအား အောက်ပါအတိုင်းတွေ့ရှိရပါသည်-

**(က)** **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**၊ငါးလုပ်ငန်းဦးစီးဌာန၊ ရှမ်းပြည် နယ် တွင်သာမန်အသုံးစရိတ် ကျပ်သန်း ၆၅.၄၃၃ ဖြင့် ငါးသားပေါက်များ ဝယ်ယူ ဖြန့်ဖြူးခြင်း

အတွက် တင်ဒါခေါ်ယူ၍ ငါးသားပေါက်များ ဝယ်ယူရာ၌ တင်ဒါ အာမခံကြေး ရယူထားမှု မရှိခြင်း၊

(ခ) **စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊** ကုန်သွယ်ရေးဦးစီးဌာန၏ ၁၃-၁၃၊ လုပ်ငန်းသုံးပစ္စည်းများငွေစာရင်းခေါင်းစဉ်မှ သုံးစွဲငွေ ကျပ်သန်း ၁၀၀.၅၂၇ အနက် COVID-19 ရောဂါကာကွယ်ရေးဆိုင်ရာ ပစ္စည်း(၄)မျိုးနှင့် ဆေးပစ္စည်း(၄)မျိုး တန်ဖိုး ကျပ်သန်း ၆၅.၈၀၁ ဝယ်ယူရာ၌ ၁၄-၉-၂၀၂၀ နေ့တွင် ကျပ်သန်း ၁၀ အောက် (ကျပ် ၇ သန်းကျော်နှင့် ကျပ် ၉ သန်းကျော်) တန်ဖိုးရှိသည့် Lot (၈)ခု ခွဲ၍ Lot (၅) ခု (တန်ဖိုး ကျပ်သန်း ၃၉.၈၇၃) အား ရွှေသစ္စာဆေးဆိုင်တစ်ခုတည်းမှ လည်းကောင်း၊ ကျန် Lot (၃) ခု (တန်ဖိုးကျပ်သန်း၂၅.၉၂၈) အား ကုမ္ပဏီ (၃)ခု ထံမှ လည်းကောင်း အလီလီ ဝယ်ယူထားခြင်း၊

(ဂ) **လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊** ပြန်လည်ထူထောင်ရေးဦးစီးဌာန၏ CERP's Action Plan ပန်းတိုင်အမှတ် ၄.၁.၂ (ဃ) အရ ၀၄-၀၂ ၊ အဆောက်အဦ ခေါင်းစဉ်မှ အသုံးစရိတ် ကျပ်သန်း ၈၈.၄၈၄ မှာ COVID-19 ကာလ အတွင်း ရန်ကုန်တိုင်းဒေသကြီး၊ ဝါးနက်ချောင်း လူမှုကာကွယ်စောင့်ရှောက်ရေး ဂေဟာတွင် ထိခိုက်လွယ်အုပ်စုများ၏ နေရာထိုင်ခင်းကောင်းမွန်စေရေးနှင့် လုံခြုံရေးအတွက် လူနေ အဆောက်အဦ (၃) လုံး၊ ဝန်ထမ်းအိမ်ရာ (၁) လုံး ထမင်းစားဆောင်၊ မီးဖိုဆောင်၊ ဧည့်ဆောင် (၁) လုံး စုစုပေါင်း (၅) လုံး ပျက်စီးနေမှုကို ပြင်ဆင်ရန် အတွက် လုပ်ငန်း (၉) ခုအား လုပ်ငန်း ၁ ခုလျှင် ကျပ်သန်း ၁၀.၀၀၀ နှုန်းဖြင့် လုပ်ငန်း (၈) ခု နှင့် ကျပ်သန်း ၈.၄၈၄ ဖြင့် လုပ်ငန်း (၁) ခု ဆောင်ရွက်ရာတွင် ကျပ်သန်း ၁၀ ဖြင့် ဆောင်ရွက်သည့် လုပ်ငန်း (၈) ခု အတွက် ယခင် နိုင်ငံတော် သမ္မတရုံး၏ ညွှန်ကြားချက် အမှတ်၊ ၁/၂၀၁၇၊ အပိုဒ် (၁၀) (ခ) အရ ကျပ်သန်း ၁၀ မှ ကျပ်သန်း ၁၀၀ အထိ လုပ်ငန်းများကို တင်ဒါ ခေါ်ယူရမည်ဖြစ်သော်လည်း တင်ဒါခေါ်ယူမှုမရှိဘဲ ကုမ္ပဏီ(၃)ခု အား ဈေးနှုန်း အဆိုပြုလွှာ တောင်းခံပြီးဈေးနှုန်း အနည်းဆုံးတင်သွင်းသူအား ရွေးချယ်ဆောင်ရွက် ထားကြောင်းနှင့် ယခင်နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အမှတ်၊ ၅/၂၀၂၀ ဖြင့် ဆောင်ရွက်ထားကြောင်း ဌာနမှရှင်းလင်းတင်ပြခဲ့သော်လည်း ယင်းညွှန်ကြားချက်

အပိုဒ်၁(ခ)နှင့်အညီ ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက် ရယူထားမှု မရှိကြောင်း တွေ့ရှိရခြင်း၊

၃၁။ COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး၊ ကုစားရေးတို့နှင့် ဆက်စပ်သည့် အသုံးစရိတ်များနှင့် CERP's Action Plan အရ အသုံးစရိတ်များဖြင့် ဆောင်ရွက်သည့် တည်ဆောက်ခြင်း/ပစ္စည်းဝယ်ယူခြင်းများ ဆောင်ရွက်ရာတွင် ယခင်နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အမှတ် ၁/၂၀၁၇နှင့် ၅/၂၀၂၀ ညွှန်ကြားချက်များအား လိုက်နာမှု အားနည်းကြောင်း သုံးသပ်ပါသည်။

**အသုံးစရိတ်များသုံးစွဲရာတွင် တည်ဆဲအခွန်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့် ညီညွတ်မှု မရှိခြင်း**

၃၂။ ၂၀၁၉-၂၀၂၀ခု၊ ဘဏ္ဍာရေးနှစ်အတွင်း COVID -19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး၊ ကုစားရေးတို့နှင့် ဆက်စပ်သည့်အသုံးစရိတ်များနှင့် CERP's Action Plan အရ အသုံးစရိတ်များအားစစ်ဆေးရာတွင် တည်ဆဲအခွန်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့် ညီညွတ်မှုမရှိခြင်းတို့အား အောက်ပါအတိုင်းတွေ့ရှိရပါသည်-

**(က) စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊** ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန၊ CERP's Action Plan အရ Cash for Work စီမံကိန်း ဆောင်ရွက်ခြင်းမှကျေးရွာဖွံ့ဖြိုးရေး ကော်မတီတချို့တွင် ပစ္စည်းများဝယ်ယူခြင်းများနှင့် စပ်လျဉ်း၍ ငွေပေးချေချိန်တွင် ၂ ရာခိုင်နှုန်းဝင်ငွေခွန်အား ပင်ရင်းမှဖြတ်တောက်၍ ပြည်တွင်းအခွန်များဦးစီးဌာနသို့ ပေးသွင်းရမည်ဖြစ်သော်လည်း ၂ ရာခိုင်နှုန်းဝင်ငွေခွန်ပေးသွင်းမှုမရှိခြင်းနှင့် လျော့နည်း ပေးဆောင်ထားကြောင်း တွေ့ရှိရခြင်း၊

သာဓကအားဖြင့်- **(ကျပ်)**

| **စဉ်** | **ဒေသ** | **လုပ်ငန်းအမည်** | **ပေးချေငွေ** | **၂% ကျ သင့် ဝင်ငွေခွန်** | **၂% ပေး ဆောင်ငွေ** | **(+)ပို/ (-)လျော့** |
|---|---|---|---|---|---|---|
| ၁ | **နေပြည်တော်** | | | | | |
| | -ပုဗ္ဗသီရိမြို့နယ် | | | | | |
| | ဖြုတ်ကုန်းကျေးရွာ | ရေနုတ်မြောင်းတူးခြင်း | ၁,၁၈၃,၆၀၀ | ၂၃,၆၇၂ | - | (-)၂၃,၆၇၂ |
| | -လယ်ဝေးမြို့နယ် | | | | | |
| | အောင်သပြေကျေးရွာ | ရွာတွင်းလမ်းပြုပြင်ခြင်း | ၃,၈၇၂,၆၃၀ | ၇၇,၄၅၃ | - | (-)၇၇,၄၅၃ |

| | | | | | | |
|---|---|---|---|---|---|---|
| ၂ | **ကချင်ပြည်နယ်** | | | | | |
| | -ရွှေကူမြို့ ငါးပတ်ကြီးကျေးရွာ | ကွန်ကရစ်ဘောင်းသဲ ကျောက်လမ်းခင်းခြင်း | ၂,၈၁၆,၀၀၀ | ၅၈,၃၂၀ | ၄၀,၈၀၀ | (-)၁၇,၅၂၀ |

(ခ) **ဆောက်လုပ်ရေးဝန်ကြီးဌာန**မှ CERP' Action Plan အရ အသုံးစရိတ် (ငွေလုံးငွေရင်း) ဖြင့် ပြည်သူ့ အငှားအိမ်ရာ အခန်း (၁၀၀၀၀) စီမံကိန်းအတွက် အထွေထွေပိုလျှံရန်ပုံငွေ (GRF) မှ ကျပ် ၁၃၀ ဘီလီယံသုံးစွဲမှုနှင့် စပ်လျဉ်း၍ စီမံကိန်းလုပ်ငန်းမစတင်မီ ဝန်ဆောင်မှု ဆောင်ရွက်သူကိုယ်စား ခွင့်ပြုရန်ပုံငွေ ကျပ် ၁၃၀ ဘီလီယံအပေါ် ၅ ရာခိုင်နှုန်း ကုန်သွယ်လုပ်ငန်းခွန် ကျပ်သန်း ၆,၁၉၀.၄၇၆ ကို ခွင့်ပြုရန်ပုံငွေမှဝန်ဆောင်မှု ဆောင်ရွက်သူအမည်ဖြင့် ကြိုတင်ပေးဆောင်ထားခြင်းသည် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေနှင့် ကုန်သွယ်လုပ်ငန်းခွန်ဥပဒေပါ ညွှန်ကြားချက်များနှင့် ကိုက်ညီမှု မရှိခြင်း၊ ၂ ရာခိုင်နှုန်း Withholding Tax ကျပ်သန်း ၂,၄၇၆.၁၉၁ ကို ဝန်ဆောင်မှု ဆောင်ရွက်သူအမည်ဖြင့် ခွင့်ပြုရန်ပုံငွေမှ ကြိုတင်ပေးဆောင်ထားခြင်းသည် ယခင် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ်၊ ၂/၂၀၁၇ ပါ ညွှန်ကြားချက်နှင့် ကိုက်ညီမှုမရှိခြင်း၊

၃၃။ COVID -19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး၊ ကုစားရေးတို့နှင့် ဆက်စပ်သည့် အသုံးစရိတ် များနှင့် CERP's Action Plan အရ အသုံးစရိတ်များဖြင့် ဆောင်ရွက်သည့် တည်ဆောက်ခြင်း/ပစ္စည်းများ ဝယ်ယူခြင်း အတွက် ၂ ရာခိုင်နှုန်း ဝင်ငွေခွန်နှင့် ၅ ရာခိုင်နှုန်း ကုန်သွယ်လုပ်ငန်းခွန်များပေးဆောင်ရာတွင် တည်ဆဲ အခွန်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များအား လိုက်နာမှုအားနည်းခဲ့ကြောင်း သုံးသပ်ပါသည်။

**CERP's Action Plan အရ ကြွေးမြီအသုံးစရိတ်များ**

၃၄။ CERP's Action Plan ပန်းတိုင် (၂) ရင်းနှီးမြှုပ်နှံမှု၊ ကုန်သွယ်မှုနှင့် ဘဏ်လုပ်ငန်းကဏ္ဍများ ပိုမိုလွယ်ကူချောမွေ့စေခြင်းဖြင့်ပုဂ္ဂလိကကဏ္ဍအပေါ်သက်ရောက်မှုများလျော့နည်းစေခြင်း၊ လုပ်ငန်းစဉ် အမှတ် ၂.၁.၁ အတိုးနှုန်းသက်သာသည့် ချေးငွေထုတ်ချေးခြင်းတို့အရ ငွေတိုက်ဦးစီးဌာန၏ နိုင်ငံတော် စာရင်းဖြစ်သည့် MD-012672 မှ ထုတ်ယူ၍ မြန်မာ့စီးပွားရေးဘဏ်နှင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် တို့မှတစ်ဆင့် ထုတ်ချေးခဲ့သည့် ကြွေးမြီအသုံးစရိတ် ကျပ်သန်း ၉၉၉,၀၀၀.၀၀၀ ထုတ်ချေးမှုနှင့် ၃၀-၉-၂၀၂၀ နေ့ရှိ လက်ကျန်အခြေအနေကို အောက်တွင်ဇယား( ၂ ) ဖြင့် ဖော်ပြပါသည်-

ကန့်သတ်



ဇယား( ၂ )

## CERP’s Action Plan အရ ကြွေးမြီအသုံးစရိတ်ထုတ်ချေးမှုနှင့်လက်ကျန်အခြေအနေ

**(ကျပ်သန်း)**

| စဉ် | အကြောင်းအရာ | ထုတ်ချေးမည့်ငွေ | ထုတ်ချေးပြီးငွေ | ၃၀-၉-၂၀၂၀ နေ့ လက်ကျန်ငွေ | ၂၈-၂-၂၀၂၁ နေ့ လက်ကျန်ငွေ |
|---|---|---|---|---|---|
| ၁ | မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ တောင်သူများသို့ (၁) ကေလျှင် ကျပ် ၅၀၀၀၀ နှုန်းဖြင့် ကေ (၁၂) သန်းအတွက် COVID-19 Special Relief Loan အဖြစ် ထုတ်ချေးခြင်း | ၆၀၀,၀၀၀.၀၀၀ | ၄၇၉,၂၀၄.၃၅၀ | ၁၂၀,၇၉၅.၆၅၀ | ၁၁၅,၂၂၉.၇၀၀. |
| ၂ | မြန်မာ့စီးပွားရေးဘဏ်မှတစ်ဆင့် | | | | |
| | (က) အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများသို့ ထုတ်ချေးခြင်း | ၁၀၀,၀၀၀.၀၀၀ | - | ၁၀၀,၀၀၀.၀၀၀ | ၈၉,၄၃၅.၀၀၀ |
| | (ခ) လက်ဘက်ရည်ဆိုင်စားသောက်ဆိုင်ငယ်များသို့ ထုတ်ချေး ခြင်း | ၁၀၀,၀၀၀.၀၀၀ | ၅၁,၁၂၈.၀၀၀ | ၄၈,၈၇၂.၀၀၀ | ၃၄,၀၉၇.၀၀၀ |
| | (ဂ) မြန်မာ့လေကြောင်းသို့ ထုတ်ချေးခြင်း | ၃၄,၀၀၀.၀၀၀ | ၁၉,၇၅၀.၅၆၀ | ၁၄,၂၄၉.၄၄၀ | - |
| | (ဃ) ရုပ်ရှင်၊ သဘင်၊ စာနယ်ဇင်းနှင့် ဗွီဒီယိုလုပ်ငန်းများသို့ ထုတ် ချေးခြင်း | ၁၅,၀၀၀.၀၀၀ | - | ၁၅,၀၀၀.၀၀၀ | ၁၅,၀၀၀.၀၀၀ |
| ၃ | အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ (MSME) သို့ ကာလ တိုးချေးငွေထုတ်ချေးနိုင်ရန် COVID-19 Fund သို့ ထည့်သွင်း ခြင်း | ၁၅၀,၀၀၀.၀၀၀ | ၉၇,၀၅၀.၈၀၀ | ၅၂,၉၄၉.၂၀၀ | ၄၂,၃၉၈.၂၀၀ |
| | **စုစုပေါင်း** | **၉၉၉,၀၀၀.၀၀၀** | **၆၄၇,၁၃၃.၇၁၀** | **၃၅၁,၈၆၆.၂၉၀** | **၂၉၆,၁၅၉ .၉၀၀** |

ကန့်သတ်

**တောင်သူများအားထုတ်ချေးခြင်း**

၃၅။ တောင်သူများသို့ (၁) ကေလျှင် ကျပ် ၅၀,၀၀၀ နှုန်းဖြင့် ကေ (၁၂) သန်းအတွက် COVID-19 Special Relief Loan အဖြစ် တစ်နှစ်အတိုးနှုန်း ၅ရာခိုင်နှုန်းဖြင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှတစ်ဆင့် ထုတ်ချေးမည့်ငွေ ကျပ် ၆၀၀.၀၀၀ ဘီလီယံအား ငွေတိုက်ဦးစီးဌာန၏ နိုင်ငံတော်စာရင်း (MD-012672) သို့ ပြည်ထောင်စုဝန်ကြီးဌာနများက ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း "အထွေထွေ ပိုလျှံရန်ပုံငွေ" (GRF) သို့ ပြန်လည်အပ်နှံငွေမှ မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲ ၁၊ ရန်ကုန်တွင် ဖွင့်လှစ်ထားသည့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၏ OA-012704 သို့ လွှဲပြောင်းပေးခဲ့ပါသည်။ ၂/၂၀၂၁ လအထိ ကျပ် ၄၈၄.၇၇၀ ဘီလီယံ ထုတ်ချေးနိုင်ခဲ့ပြီး မထုတ်ချေးဖြစ်သည့် ချေးငွေ ကျပ် ၁၁၅.၂၃၀ ဘီလီယံအား ငွေတိုက်ဦးစီးဌာန၏ နိုင်ငံတော်စာရင်း (MD- 012672) သို့ပြန်လည်အပ်နှံရန် စီစဉ် ဆောင်ရွက်လျက်ရှိပါသည်။

**အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများသို့ ထုတ်ချေးခြင်း**

၃၆။ မြန်မာ့စီးပွားရေးဘဏ်မှ တစ်ဆင့် အသေးစားငွေရေးကြေးရေး အဖွဲ့အစည်းများသို့ တစ်နှစ်အတိုးနှုန်း ၉% / ၁၁.၅% ဖြင့် ကာလတို(၃)နှစ်၊ ချေးငွေ ထုတ်ချေးမှုအစီအစဉ်အတွက် အသေးစားငွေရေးကြေးရေးလုပ်ငန်း ကြီးကြပ်မှု ကော်မတီမှ ၂၃-၇-၂၀၂၀ ရက်စွဲဖြင့် ထုတ်ပြန်ထားသည့် ညွှန်ကြားချက်အမှတ် ၃/၂၀၂၀ နှင့်အညီ ဆောင်ရွက်ရမည် ဖြစ်ပါသည်။ ထုတ်ချေးမည့် စီးပွားရေး ချေးငွေ (Commercial Loan) ကျပ် ၁၀၀ ဘီလီယံကို ငွေတိုက်ဦးစီးဌာန၏ နိုင်ငံတော်စာရင်း MD- 012672 မှ မြန်မာ့စီးပွားရေးဘဏ်တွင် ဖွင့်လှစ်ထားသည့် OA-013498 သို့ လွှဲပြောင်း ထည့်သွင်းခဲ့ပြီး ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း ထုတ်ချေးနိုင်မှု မရှိခဲ့ပါ။ စစ်ဆေးသည့် ၂/၂၀၂၁ လ အထိ ငွေရေးကြေးရေး အဖွဲ့အစည်း ၄၅ ဖွဲ့သို့ ကျပ် ၁၀.၅၆၅ ဘီလီယံ ထုတ်ချေးခဲ့သဖြင့် ကျပ် ၈၉.၄၃၅ ဘီလီယံ ထုတ်ချေးရန် ကျန်ရှိကြောင်း တွေ့ရှိရပါသည်။

**လက်ဘက်ရည်ဆိုင်၊စားသောက်ဆိုင်ငယ်များသို့ ထုတ်ချေးခြင်း**

၃၇။ မြန်မာ့စီးပွားရေးဘဏ်မှအသေးစားငွေရေးကြေးရေး အဖွဲ့အစည်းများမှတစ်ဆင့် နေပြည်တော်ကောင်စီနှင့်တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များအတွင်း အခြေတကျ ဆိုင်ဖွင့်လှစ်ရောင်းချလျက်ရှိသော လက်ဘက်ရည်ဆိုင်နှင့် စားသောက် ဆိုင်ငယ်များသို့ ဝန်ဆောင်ခအပါအဝင် (၁) နှစ် အတိုးနှုန်း ၂ ရာခိုင်နှုန်းဖြင့် ချေးငွေထုတ်ချေးမှု အစီအစဉ်အတွက် အသေးစားငွေရေးကြေးရေး လုပ်ငန်း ကြီးကြပ်မှု ကော်မတီမှ ၂၃-၇-၂၀၂၀ ရက်စွဲဖြင့်ထုတ်ပြန်ထားသည့် ညွှန်ကြားချက်အမှတ် ၄/၂၀၂၀ နှင့်အညီ ဆောင်ရွက်ရန်ဖြစ်ပါသည်။ ထုတ်ချေးမည့် ချေးငွေ ကျပ် ၁၀၀ ဘီလီယံကို ငွေတိုက်ဦးစီးဌာန၏ နိုင်ငံတော်

စာရင်း MD-012672 မှ မြန်မာ့စီးပွားရေးဘဏ်တွင် ဖွင့်လှစ်ထားသည့် OA-013487 သို့ လွှဲပြောင်း ထည့်သွင်းခဲ့ပြီး ၂၀၁၉-၂၀၂၀ခု၊ ဘဏ္ဍာရေးနှစ်အတွင်း အသေးစား ငွေရေးကြေးရေး အဖွဲ့အစည်း(၃၇) ဖွဲ့သို့ ကျပ် ၅၁.၁၂၈ ဘီလီယံ ထုတ်ချေးခဲ့ပါသည်။ စစ်ဆေးသည့် ၂/၂၀၂၁ လအထိ အသေးစားငွေရေးကြေးရေး အဖွဲ့အစည်း (၁၆) ဖွဲ့ သို့ ကျပ် ၁၄.၇၇၅ ဘီလီယံ ထပ်မံထုတ်ချေးခဲ့သဖြင့် စုစုပေါင်း ကျပ် ၆၅.၉၀၃ ဘီလီယံ ထုတ်ချေးပြီးဖြစ်၍ ကျပ် ၃၄.၀၉၇ ဘီလီယံ ထုတ်ချေးရန် ကျန်ရှိကြောင်း တွေ့ရှိရပါသည်။

**မြန်မာ့လေကြောင်းသို့ ထုတ်ချေးခြင်း**

၃၈။ COVID-19ကြောင့် လေကြောင်းစီးပွားရေးလုပ်ငန်းများ ထိခိုက်သည့်အတွက် မြန်မာအမျိုးသား လေကြောင်း ကုမ္ပဏီလီမိတက်အား နိုင်ငံတော်မှ ကျပ် ၃၄ ဘီလီယံနှင့်ညီမျှသော အမေရိကန်ဒေါ်လာ ၂၄ သန်း ထုတ်ချေးရန် ယခင်ပြည်ထောင်စုအစိုးရအဖွဲ့၏ ၁၈.၆.၂၀၂၀ ရက်စွဲပါ စာအရ ခွင့်ပြုချက် ရရှိခဲ့ပြီး မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်တွင် ဖွင့်လှစ်ထားသည့် မြန်မာအမျိုးသားလေကြောင်း ကုမ္ပဏီလီမိတက်၏ စာရင်းရှင်စာရင်းအမှတ် OA-013454 သို့ လွှဲပြောင်းပေးပြီးဖြစ်ပါသည်။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း USD သန်း ၁၄.၄၀၀ နှင့်ညီမျှသော မြန်မာငွေ ကျပ် ၁၉.၇၅၁ ဘီလီယံနှင့် ကျန်ငွေ USD သန်း ၉.၆၀၀ ကို ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလတွင် ထုတ်ချေးခဲ့ပြီးဖြစ်၍ ၃၁-၁-၂၀၂၁ ရက်နေ့အထိ လေယာဉ်ငှားရမ်းခ၊ ကြွေးမြီနှင့်အတိုးစရိတ်များအတွက် USD သန်း ၂၃.၉၉၉ သုံးစွဲပြီး ဖြစ်ပါသည်။

**ရုပ်ရှင်၊ သဘင်၊ စာနယ်ဇင်းနှင့် ဗွီဒီယိုလုပ်ငန်းများသို့ ထုတ်ချေးခြင်း**

၃၉။ COVID-19 ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေး လုပ်ငန်းကော်မတီ၏ အစည်းအဝေးအမှတ်စဉ် ၈/၂၀၂၀ အရ မြန်မာ့စီးပွားရေးဘဏ်မှတစ်ဆင့် ပုဂ္ဂလိက ဘဏ်များသို့ အတိုးနှုန်း၀.၅ ရာခိုင်နှုန်းဖြင့် ထုတ်ချေး၍ ပုဂ္ဂလိကဘဏ်က အတိုးနှုန်း ၀.၅ ရာခိုင်နှုန်းဖြင့် COVID - 19 ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေး သက်ရောက်မှုများအပေါ် ကုစားသည့်အနေဖြင့် နိုင်ငံတော်၏ စီးပွားရေးဆင့်ပွား အကျိုးသက်ရောက်မှု များပြားနိုင်သည့် လုပ်ငန်းများ ဖြစ်သော ရုပ်ရှင်၊ ဂီတ၊ သဘင်၊ စာနယ်ဇင်းနှင့် မီဒီယာများသို့ ထုတ်ချေးမည့် ကျပ် ၁၅ ဘီလီယံကို မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်တွင် ဖွင့်လှစ်ထားသည့် ရုပ်ရှင်၊ ဂီတ၊ သဘင်၊ စာနယ်ဇင်းနှင့် မီဒီယာများသို့ ချေးငွေစာရင်း OA-013614 သို့ ၂၅.၉.၂၀၂၀ ရက်နေ့တွင် လွှဲပြောင်းပေးခဲ့ပြီး စစ်ဆေးသည့် ၃/၂၀၂၁ လအထိ ထုတ်ချေးမှု မပြုရသေးကြောင်း တွေ့ရှိရပါသည်။

**အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ (MSME) သို့ ကာလတိုချေးငွေ ထုတ်ချေးနိုင်ရန် COVID-19 Fund သို့ ထည့်သွင်း ခြင်း**

၄၀။ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ (MSME) သို့ ထုတ်ချေးငွေ ကျပ် ၁၅၀ ဘီလီယံမှာ COVID-19 ကြောင့် အခက်အခဲကြုံတွေ့နေသည့် ကုန်ကြမ်းပေး၊ ကုန်ချောယူ လက်ခစား စနစ် (CMP) ဖြင့် ဆောင်ရွက်နေသော လုပ်ငန်းများ၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများ အစရှိသည့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ (MSME) အား နိုင်ငံတော်မှ ထုတ်ချေးရန် ပြည်ထောင်စုဝန်ကြီးဌာနများက ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း အထွေထွေ ပိုလျှံရန်ပုံငွေ(GRF) သို့ ပြန်လည်အပ်နှံငွေမှ COVID-19 Fund သို့ လွှဲပြောင်းပေးခဲ့ခြင်းဖြစ်ပါသည်။ COVID-19 Fund သို့ နိုင်ငံတော်မှ ကျပ် ၁၀၀ ဘီလီယံကို ထပ်မံဖြည့်တင်းရန်နှင့် COVID-19 Fund သို့ လူမှုဖူလုံရေးရန်ပုံငွေမှ ထည့်ဝင်ထားသည့် ကျပ် ၅၀ ဘီလီယံအား အလုပ်သမားလူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနသို့ပြန်လည်ထုတ်ပေးရန် စုစုပေါင်း ကျပ် ၁၅၀ ဘီလီယံ အား မြန်မာ့စီးပွားရေးဘဏ် (နေပြည်တော်)ရှိ "COVID-19 Fund စာရင်း" သို့ လွှဲပြောင်း ပေးခဲ့ခြင်း ဖြစ်ပါသည်။ အဆိုပါကျပ် ၁၅၀ ဘီလီယံ နှင့် နိုင်ငံတော်၏ လှည့်ပတ်ရန်ပုံငွေ (RF)မှ ကျပ် ၅၀ ဘီလီယံ စုစုပေါင်း ကျပ် ၂၀၀ ဘီလီယံအနက်မှ ၂/၂၀၂၁လ အထိ ကျပ် ၁၅၇.၆၀၂ ဘီလီယံ ထုတ်ချေး ပြီးဖြစ်၍ ကျပ် ၄၂.၃၉၈ ဘီလီယံ ထုတ်ချေးရန် ကျန်ရှိကြောင်း တွေ့ရှိရပါသည်။

၄၁။ အတိုးနှုန်းသက်သာသည့် ချေးငွေများ ထုတ်ချေးခြင်းနှင့်စပ်လျဉ်း၍ UFA (OA) စာရင်း ဖွင့်လှစ်ထားရှိမှုနှင့် စာရင်းလက်ကျန်အခြေအနေတို့အား ဘဏ္ဍာရေးနှစ်ကုန်ဆုံးတိုင်း ငွေတိုက်ဦးစီးဌာန၊ ငွေကြေးစီမံခန့်ခွဲမှုဌာနခွဲသို့ပေးပို့နိုင်ရေး၊ ချေးငွေထုတ်ချေးမှု၊ အရင်း/အတိုးပြန်လည် ပေးဆပ်မှုများ အတွက် ချေးငွေညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်စေရေး၊ ထုတ်ချေးခြင်း မပြုနိုင်သည့် ချေးငွေများအတွက် ငွေတိုက်ဦးစီးဌာန၏ နိုင်ငံတော်စာရင်း MD-012672 သို့ ပြန်လည်အပ်နှံစေရေးနှင့် သက်ဆိုင်ရာလုပ်ငန်းများဆောင်ရွက်ပြီးပါက UFA(OA)အား ညွှန်ကြားချက်နှင့်အညီ စနစ်တကျပိတ်သိမ်းနိုင်ရေး စီစဉ်ဆောင်ရွက်သင့်ပါသည်။

**CERP's Action Plan ပါ လုပ်ငန်းစဉ်များအကောင်အထည်ဖော်မှုအခြေအနေ**

**CERP's Action Planအရ ဆောင်ရွက်သည့် စီမံကိန်းများတွင် စီမံကိန်းအကောင် အထည်ဖော်ရေး လက်စွဲများ နှင့်အညီဆောင်ရွက်နိုင်မှု မရှိခြင်း**

၄၂။ ၂၀၁၉-၂၀၂၀ခု၊ ဘဏ္ဍာရေးနှစ်အတွင်း CERP's Action Plan အရ အသုံးစရိတ်များအား စစ်ဆေးရာတွင် CERP's Action Planအရ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဆောင်ရွက်သည့် စီမံကိန်းများတွင် စီမံကိန်း အကောင်အထည်ဖော်ရေးလက်စွဲများနှင့်အညီ ဆောင်ရွက်နိုင်မှု မရှိခြင်းများအား အောက်တွင်ဖော်ပြပါသည်-

(က) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ CERP's Action Plan အရ ဆောင်ရွက်သည့် Cash for Work စီမံကိန်းအသုံးစရိတ်များနှင့်စပ်လျဉ်း၍

(၁) စီမံကိန်းကျေးရွာရွေးချယ်ရာတွင် အမျိုးသားလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော်စသည့် လွှတ်တော်တစ်ရပ်ရပ်မှ လွှတ်တော်ကိုယ်စားလှယ်များပါဝင်ရမည်ဖြစ်သော်လည်းပါဝင်မှု မရှိခြင်း၊ လက်နက်ကိုင်ပဋိပက္ခဖြစ်ပွားလျက်ရှိသော ကျေးရွာများ၊ နယ်မြေလုံခြုံမှုမရှိသော ကျေးရွာများကိုရွေးချယ်ခြင်းမပြုရန် ဖော်ပြထားသော်လည်း နယ်မြေလုံခြုံမှုမရှိသော ကျေးရွာများကို ရွေးချယ်ခဲ့ခြင်း၊

(၂) စီမံကိန်းဆောင်ရွက်သည့် ကာလအတွင်း ဝေဖန်အကြံပြု တိုင်ကြားဖြေရှင်းရေးအဖွဲ့ ဖွဲ့စည်းရန် ဖြစ်သော်လည်း ဖွဲ့စည်းထားမှုမရှိခြင်း၊

(၃) စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်မှုအတွက် ကျေးရွာကော်မတီထံသို့ လိုအပ်သောရန်ပုံငွေကို လုပ်ငန်းစတင်ချိန်တွင် ပထမအကြိမ် ၅၀ ရာခိုင်နှုန်း၊ ဒုတိယအကြိမ် ၄၀ ရာခိုင်နှုန်း၊ လုပ်ငန်းပြီးစီးပါက တတိယ အကြိမ် ၁၀ ရာခိုင်နှုန်းဖြင့် (၃) ကြိမ်ခွဲ၍ ငွေထုတ်ပေးရန် ဖြစ်သော်လည်း (၂) ကြိမ် မှ (၇) ကြိမ်အထိ လည်းကောင်း၊ အလီလီခွဲ၍ လည်းကောင်း ထုတ်ပေးထားကြောင်း တွေ့ရှိရခြင်း၊

(၄) ကျေးရွာဖွံ့ဖြိုးမှုကော်မတီသည် လုပ်ငန်းဆောင်ရွက်မှုများအတွက် ငွေစာရင်းစာအုပ် ထားရှိရမည်ဟုဖော်ပြထားသော်လည်း ငွေစာရင်း စာအုပ်ထားရှိမှု မရှိခြင်း၊ စီမံကိန်းလုပ်ငန်းဆောင်ရွက်ရာတွင် တစ်ရက်လျှင် အိမ်ထောင်စု တစ်စုမှ တစ်ဦးသာ အလုပ်လုပ်ခွင့်ရှိမည် ဖြစ်သော်လည်း တစ်ရက်လျှင်

အိမ်ထောင်စုတစ်စုမှ တစ်ဦးထက်ပို၍ အလုပ်လုပ်ထားခြင်း၊ လုပ်ငန်းပြီးစီးမှု များကို ဓာတ်ပုံမှတ်တမ်းနှင့်တကွ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနသို့ တင်ပြရမည်ဖြစ်သော်လည်း တင်ပြထားမှုမရှိခြင်း၊

(၅) စီမံကိန်းလုပ်ငန်းများ ရွေးချယ်ရာတွင် လုပ်အားခ တန်ဖိုးသည် စီမံကိန်း ထောက်ပံ့ငွေ၏ ပျမ်းမျှ ၆၀ ရာခိုင်နှုန်းရရှိနိုင်သော စီမံကိန်း လုပ်ငန်းခွဲမျိုးကိုသာ ရွေးချယ်ရမည်ဟု ဖော်ပြထားသော်လည်း လုပ်အားခတန်ဖိုးမှာ စီမံကိန်းတန်ဖိုး ၏ ၄၇ ရာခိုင်နှုန်း ဖြင့် လည်းကောင်း၊ ၂၀ ရာခိုင်နှုန်းဖြင့်လည်းကောင်း၊ ၁.၆၅ ရာခိုင်နှုန်းများဖြင့် လည်းကောင်း၊ လုပ်အားခ တန်ဖိုး ၆၀ ရာခိုင်နှုန်း အောက်ရှိ သော လုပ်ငန်းများကို ရွေးချယ် ဆောင်ရွက်ထားကြောင်းတွေ့ရှိရခြင်း၊

(၆) ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် ပစ္စည်းများဝယ်ယူခြင်းနှင့် စပ်လျဉ်း၍ အနည်းဆုံးဈေးဆိုင်(၃)ဆိုင်အား ဈေးနှုန်းစုံစမ်းမှုပြုလုပ်၍ ပစ္စည်း အရည်အသွေး သင့်လျော်ကောင်းမွန်ပြီး ဈေးအနည်းဆုံးရောင်းချသည့် ဆိုင်မှဝယ်ယူရမည် ဖြစ်သော်လည်း ဈေးနှုန်း စုံစမ်းမှုပြုလုပ်၍ ဝယ်ယူထားမှုမရှိခြင်း၊ လုပ်အားခများ ပေးချေရာတွင်တစ်ကြိမ် ငွေထုတ်ပေးပါက ၁၅ သိန်း ထက်မပိုရဟု ပြဋ္ဌာန်းထား သော်လည်း လုပ်အားခ ပေးချေရာတွင် ၁၅ သိန်း ထက်ပို၍ ပေးချေထားခြင်း၊

(ခ) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ CERP’s Action Plan အရ ဆောင်ရွက် သည့် Village Revolving Fund စီမံကိန်းအသုံးစရိတ်များနှင့်စပ်လျဉ်း၍

(၁) စီမံကိန်းကျေးရွာရွေးချယ်ရာတွင် အမျိုးသားလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော်စသည့် လွှတ်တော်တစ်ရပ်ရပ်မှ လွှတ်တော် ကိုယ်စားလှယ်များပါဝင်ရမည်ဖြစ်သော်လည်း လွှတ်တော်ကိုယ်စားလှယ်များ ပါဝင်မှုမရှိဘဲ ရွေးချယ်ထားခြင်း၊ စီမံကိန်းကျေးရွာများ ရွေးချယ်ရာတွင် အသက် မွေးဝမ်းကျောင်းနှင့် ဝင်ငွေမြှင့်တင်ရေး ERLIP စီမံကိန်းရန်ပုံငွေမှ ထောက်ပံ့ ထားသောကျေးရွာများအား ရွေးချယ်ခြင်းမပြုရန်ဖြစ်သော်လည်း ERLIP စီမံကိန်းဆောင်ရွက်သော ကျေးရွာများကို ရွေးချယ်ထားခြင်း၊

(၂) ချေးငွေအဆိုပြုလွှာ၊ ချေးငွေအတည်ပြုလွှာ၊ ချေးငွေသဘောတူ စာချုပ်၊ ချေးငွေ လချုပ်ပုံစံများကို အချက်အလက်ပြည့်စုံစွာဖြင့် မှန်ကန်စွာ ရေးသွင်းရမည်

ဖြစ်သော်လည်း ချေးငွေသဘောတူ စာချုပ်များတွင် ငွေချေးယူသူနှင့် အာမခံသူ (၂)ဦးတို့၏ လက်ဗွေများမပါရှိခြင်း၊ စာချုပ်တွင်ရက်စွဲ၊ စာချုပ်အမှတ်စဉ်များ မပါရှိခြင်း၊ ချေးငွေအဆိုပြုလွှာ၊ ချေငွေအတည်ပြုချက်နှင့် ချေးငွေစာချုပ်များ ကွဲလွဲနေခြင်း၊ ချေးငွေအတည်ပြုလွှာပုံစံတွင် ကျေးရွာမတည်ရန်ပုံငွေ စီမံ ခန့်ခွဲရေးကော်မတီ ဆုံးဖြတ်ချက်အမှတ်နှင့် ရက်စွဲများရေးသွင်းထားမှုမရှိခြင်း၊ ချေးငွေမှတ်တမ်းတွင် ချေးငွေကိန်းဂဏန်းများ မှားယွင်းရေးသွင်းထားခြင်း၊ ချေးငွေသဘောတူစာချုပ်တွင် ငွေချေးယူသူ ကိုယ်တိုင် လက်မှတ်ရေးထိုးထားမှု မရှိခြင်း၊ ကျေးရွာကော်မတီမှ အများဆုံး ထုတ်ချေးရန် ခွင့်ပြုထားသော ချေးငွေ ပမာဏထက် ပိုမိုထုတ်ချေးထားခြင်း၊ ချေးငွေလချုပ်နှင့် ၃ လ တစ်ကြိမ် ပေးပို့ ရမည့် ချေးငွေစာရင်းများတွင် ကိန်းဂဏန်းများ မှားယွင်းပေးပို့ထားခြင်း၊ ငွေချေးယူသူအမည်၊ထုတ်ချေးသူ ဦးရေ၊ ထုတ်ချေးငွေများကွဲလွဲနေခြင်း၊ အရင်း အတိုး ပေးဆပ်ရမည့် ငွေပမာဏ၊ ပေးဆပ်ရမည့် ကာလများမှားယွင်း ရေးသွင်း ထားခြင်း၊ လုပ်ငန်း အမျိုးအစား အလိုက် တိုးတက်မှုစာရင်းအား (၃)လတစ်ကြိမ် မြို့နယ်စီမံခန့်ခွဲမှုကော်မတီ (TPIC) သို့ တင်ပြမှုမရှိခြင်း၊ ငွေစာရင်းပုံစံများတွင် တာဝန်ရှိသူတို့၏လက်မှတ်များ ပြည့်စုံမှုမရှိခြင်းနှင့် အချက်အလက်များ ပြည့်စုံစွာရေးသွင်းမှု မရှိခြင်း၊

(၃) အတိုးငွေကို သုံးလတစ်ကြိမ် ကောက်ခံရမည်ဖြစ်သော်လည်း တစ်လ အတွက် ကောက်ခံထားခြင်း၊အုပ်ချုပ်မှုအသုံးစရိတ်များ သုံးစွဲရာတွင် ကျေးရွာကော်မတီမှ မိမိကိုယ်ပိုင်ငွေအား ကြိုတင်စိုက်ထုတ်သုံးစွဲခြင်း မပြုရန်ဖြစ်သော်လည်း ကြိုတင်စိုက်ထုတ်သုံးစွဲထားခြင်း၊

(၄) စီမံကိန်းရငွေသုံးငွေများနှင့်စပ်လျဉ်း၍ သတ်မှတ်စာရင်းပုံစံများကို ပြည့်စုံစွာ ထားရှိရမည်ဖြစ်သော်လည်း သတ်မှတ်စာရင်းပုံစံများအား ပြည့်စုံစွာရေးသွင်း ထားမှုမရှိခြင်းနှင့် လုပ်ငန်းဆောင်ရွက်မှုများအတွက် မှတ်တမ်းများပြည့်စုံစွာ ရေးသွင်းမှုမရှိခြင်း၊

၄၃။ CERP’s Action Planအရ ဆောင်ရွက်သည့် စီမံကိန်းများတွင် စီမံကိန်း အကောင်အထည် ဖော်ရေးလက်စွဲများနှင့်အညီ ဆောင်ရွက်နိုင်မှု အားနည်းကြောင်း သုံးသပ်ပါသည်။

**CERP's Action Plan ပါ လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ရာတွင် ပြီးစီးမှုမရှိသေးခြင်း**

၄၄။ CERP's Action plan အရ ဆောင်ရွက်ရမည့် ပန်းတိုင်များနှင့်လုပ်ငန်းစဉ်များအနက် ဆောင်ရွက်ဆဲလုပ်ငန်းစဉ်များကို အောက်တွင် ဖော်ပြ ပါသည်-

**(က) ယခင် စီမံကိန်း၊ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန**

(၁) လုပ်ငန်းစဉ် အမှတ် ၂.၁.၁ အတိုးနှုန်းသက်သာသည့် ချေးငွေထုတ်ချေးခြင်း (အစိုးရ၏ အသုံးစရိတ် ပိုမိုသုံးစွဲခြင်း)၊ (ဃ) မြန်မာ့စီးပွားရေးဘဏ်နှင့် မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်တို့ ပေါင်းစည်းခြင်းကို မြန်မြန်ဆန်ဆန် ဆောင်ရွက်ပြီး စီးပွားရေးအရ ထိခိုက်မှုအများဆုံးခံရသည့်မြို့နယ်များတွင် ရှေ့ပြေးဆောင်ရွက်လျက်ရှိသည့် ချေးငွေအစီအစဉ်များ တိုးချဲ့ထုတ်ချေးနိုင်ရေး ဆောင်ရွက်သွားရန် လုပ်ငန်းစဉ်မှာ ဆောင်ရွက်ဆဲဖြစ်ခြင်း၊

(၂) လုပ်ငန်းစဉ်အမှတ် ၂.၁.၂ ချေးငွေအာမခံခြင်း၊ (ခ)လက်ရှိလည်ပတ်နေသော (သို့) အသစ်ဆောင်ရွက်မည့်လုပ်ငန်းများအနေဖြင့် စီးပွားရေးတိုးတက်မှုကို ဖြစ်ထွန်းစေမည့် သတ်မှတ်ကဏ္ဍများတွင် လုပ်ငန်းဆောင်ရွက်ပြီး အဆိုပါ လုပ်ငန်းသည် COVID-19 ကြောင့် သက်ရောက်မှုများခံစားရပါက အစိုးရအနေဖြင့် ချေးငွေအာမခံချက်များပေးသွားရန် လုပ်ငန်းစဉ်မှာ ဆောင်ရွက်ဆဲဖြစ်ခြင်း၊

(၃) လုပ်ငန်းစဉ် အမှတ် ၂.၃.၄ သက်ရောက်မှုမြင့်မားသည့် အစိုးရ၏ ရင်းနှီးမြှုပ်နှံမှုများကို ဦးစားပေးဆောင်ရွက်ခြင်း၊ (က) လက်ရှိအစိုးရပိုင် ရင်းနှီးမြှုပ်နှံမှု များကို ပြန်လည်သုံးသပ်ရန်-(၁)လက်ငင်း အကျိုးကျေးဇူးရရှိရန် ချက်ချင်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည့် လုပ်ငန်းများအား ဦးစားပေး ဆောင်ရွက်ရန်၊ (၂) ကောင်းမွန်စွာ လုပ်ငန်းလည်ပတ်လျက်ရှိပြီး အကျိုးသက် ရောက်မှုများမည့် စီမံကိန်းများကို တိုးချဲ့ဆောင်ရွက်ရန်၊ (၃) အရင်းအမြစ်များအသုံးပြုနိုင်ရေး အတွက် လုပ်ငန်းလည်ပတ်ခြင်းမရှိသော လုပ်ငန်းစီမံကိန်းများကို ပိတ်သိမ်းရန်/ ပြန်လည်ပြင်ဆင်ရန်၊ (ခ) စီမံကိန်းဘဏ်အတွင်းရှိ ကျန်းမာ ရေးစောင့်ရှောက်မှု၊ အဓိကစီးပွားရေးဆိုင်ရာ အခြေခံအဆောက်အဦများ၊ မဟာဗျူဟာကျပြီး ချက်ချင်းအကောင်အထည်ဖော်ဆောင်ရွက်နိုင်မည့် အကျိုးကျေးဇူး များစွာ

ရရှိနိုင်မည့် စီမံကိန်းဘဏ်အတွင်းရှိ အစိုးရစီမံကိန်းများကို ဦးစားပေး ဆောင်ရွက်ရန် လုပ်ငန်းစဉ်မှာ ဆောင်ရွက်ဆဲဖြစ်ခြင်း၊

(၄) လုပ်ငန်းစဉ်အမှတ် ၂.၄.၂ သွင်းကုန်လုပ်ငန်းစဉ်များ လွယ်ကူချောမွေ့စေရန် ပံ့ပိုးခြင်း၊ (က)COVID-19 ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ဆေးဝါး ပစ္စည်းများ တင်သွင်းသည့်လုပ်ငန်းစဉ်များကို လွယ်ကူချောမွေ့စေရေးနှင့် လျင်မြန်စွာ ဆောင်ရွက်နိုင်ရေးပံ့ပိုးကူညီရန်လုပ်ငန်းစဉ်မှာ ဆောင်ရွက်ဆဲ ဖြစ်ခြင်း၊

**(ခ) စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊** CERP’s Action Plan အရ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များတွင် လုပ်ငန်းစဉ် ၅.၁.၂ (က)လက်လီလုပ်ငန်းများ အနေဖြင့် ၎င်းတို့၏ ကုန်ပစ္စည်းများကို လက်ရှိပြည်တွင်း/ပြည်ပ e-Commerce or Social-Commerce websites များ အသုံးပြု၍ရောင်းချနိုင်စေရေး အားပေးလုပ်ဆောင်ရန် လုပ်ငန်းစဉ်မှာ ချက်ချင်းဆောင်ရွက်ရန်ဖြစ်သော်လည်း e-Commerce Guidelines ဒုတိယ(မူကြမ်း)အပေါ် သက်ဆိုင်ရာ ဌာန၊ အဖွဲ့အစည်းများသို့ သဘောထားမှတ်ချက် တောင်းခံဆဲဖြစ်ခြင်းနှင့် လုပ်ငန်းစဉ် ၅.၁.၂ (ဂ) လက်လီလုပ်ငန်းများအနေဖြင့် ၎င်းတို့၏ ကုန်ပစ္စည်းများကို Online မှ တစ်ဆင့်ရောင်းချမှုပြုလုပ်နိုင်ရေးအတွက် Central e-Commerce websites တစ်ခုတည်ထောင်ရန် လုပ်ငန်းစဉ်မှာ ၂၀၂၀ ပြည့်နှစ် မကုန်မီ ဆောင်ရွက်ပြီးစီးရန် ဖြစ်သော်လည်း ယင်း လုပ်ငန်းစဉ်မှာ ကြီးမားကျယ်ပြန့်သည့်အပြင် ဈေးကွက်စီးပွားရေးစနစ်အရ ဗဟိုမှ ထိန်းချုပ်ဆောင်ရွက်ရန်မှာ ဖြစ်နိုင်ချေနည်းပါးသဖြင့် ယင်းလုပ်ငန်းစဉ်အား စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အောက်မှ ပယ်ဖျက်သင့်ကြောင်းကို COVID-19 ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေး သက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်း ကော်မတီသို့ ၃၀-၃-၂၀၂၁ ရက်စွဲပါစာအမှတ်၊ စက-၁၄/၄-၁၁/၂၀၂၁(၂) ဖြင့် တင်ပြထားခြင်းတို့ကြောင့် လုပ်ငန်းများစစ်ဆေးချိန်ထိ ပြီးပြတ်နိုင်မှုမရှိသေးခြင်း။

၄၅။ အစိုးရဌာန၊ အဖွဲ့အစည်းများမှ CERP’s Action plan အရ ဆောင်ရွက်ရမည့် ပန်းတိုင်များနှင့် လုပ်ငန်းစဉ်များအနက် ဆောင်ရွက်ဆဲလုပ်ငန်းစဉ်များအား ဆက်လက်ဆောင်ရွက်သွားရန် တာဝန်ရှိသူများမှ ကြီးကြပ်ဆောင်ရွက်သင့်ပါသည်။

**CERP's Action Plan ပါ လုပ်ငန်းစဉ်များ အကောင်အထည်ဖော်နိုင်မှုမရှိခြင်း**

၄၆။ CERP's Action plan အရ ဆောင်ရွက်ရမည့် ပန်းတိုင်များနှင့်လုပ်ငန်းစဉ်များအနက် ဆောင်ရွက်နိုင်မှုမရှိသေးသည့် လုပ်ငန်းစဉ်များကို အောက်တွင် ဖော်ပြပါသည်-

**(က) ယခင် စီမံကိန်း၊ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန**

(၁) လုပ်ငန်းစဉ် အမှတ် ၂.၂.၂ ဘဏ်များအပေါ် ပြန်လည်ပေးဆပ်မှု မရှိသော ချေးငွေများ၏ သက်ရောက်မှုလျော့နည်းစေခြင်း၊ (က) ချေးငွေကဏ္ဍ တိုးတက်စေရန်နှင့် ဘဏ်များ၏အခက်အခဲများ သက်သာစေရန်အတွက် ဘဏ်များရှိ အရင်း၊ အတိုး ပေးဆပ်ရန် ပျက်ကွက်သည့် ချေးငွေများကို ၅ နှစ် မှ ၇ နှစ်အထိ လွှဲယူစီမံခန့်ခွဲမည့် အရင်းအနှီးစီမံခန့်ခွဲမှုကုမ္ပဏီ (Asset Management Company) ကို တည်ထောင်ရန်လုပ်ငန်းစဉ်မှာ ဆောင်ရွက်နိုင်မှု မရှိသေးခြင်း၊

(၂) လုပ်ငန်းစဉ် အမှတ် ၂.၃.၃ ရှင်းလင်းသည့် ဝယ်ယူရေးဆိုင်ရာ လုပ်ငန်းစဉ်များ ဖြစ်မြောက်အောင် ဆောင်ရွက်ပေးခြင်းဖြင့် ရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်ခြင်း၊ (က) လတ်တလောတွင် အသုံးပြုခြင်းမရှိသော စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနအောက်ရှိ နိုင်ငံပိုင်စက်ရုံများတွင် COVID-19 နှင့် ဆက်စပ်သည့် ဆေးပစ္စည်းများကို ထုတ်လုပ်နိုင်ရေး ရှင်းလင်းသည့် ဝယ်ယူရေး လုပ်ငန်းစဉ်များဖြင့် ရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်ရန် လုပ်ငန်းစဉ်မှာ ဆောင်ရွက်နိုင်မှု မရှိသေးခြင်း၊

(၃) လုပ်ငန်းစဉ် အမှတ် ၂.၄.၁ ကုန်သွယ်မှုမြှင့်တင်ရေး ဘဏ္ဍာငွေပံ့ပိုးခြင်း၊ (က) ကုန်သွယ်မှုမြှင့်တင်ရန်အတွက် ကျပ် ၁၀၀ ဘီလီယံကို ရန်ပုံငွေတစ်ရပ် တည်ထောင်၍သတ်မှတ်ထားသည့်ကူးသန်းရောင်းဝယ်ရေးဘဏ်များ မှတစ်ဆင့် မည်သည့်ကုန်ပစ္စည်းမျိုးအတွက်မဆို Trade financing ပေး၍ ဆောင်ရွက်သွားရန် လုပ်ငန်းစဉ်မှာ ဆောင်ရွက်နိုင်မှုမရှိသေးခြင်း၊

**(ခ) မြန်မာနိုင်ငံတော်ဗဟိုဘဏ်** မှ ဆောင်ရွက်ရမည့် အောက်ပါလုပ်ငန်းစဉ်များအား ဆောင်ရွက်နိုင်မှုမရှိသေးခြင်း-

(၁) လုပ်ငန်းစဉ် ၁.၁.၃ ချေးငွေလေလံ (Credit Auction) စနစ် ကျင့်သုံးခြင်း၊ (က)ချေးငွေလေလံ(Credit Auction) စနစ် ကျင့်သုံးခြင်းဖြင့် ဘဏ်လုပ်ငန်း

ကဏ္ဍနှင့် ဘဏ္ဍာရေးကဏ္ဍများတွင် လိုအပ်သောငွေကြေးစီးဝင်မှုနှင့် ငွေဖြစ်လွယ်မှုကို ရရှိစေရန်။

(၂) လုပ်ငန်းစဉ် ၁.၁.၅ ငွေတိုက်စာချုပ်၊ ငွေတိုက်လက်မှတ်၊ လေလံတင် ရောင်းချမှု (Treasury Bond/ Bill Auction) များကို လျှော့ချခြင်း၊ (က) COVID-19 ကို တုံ့ပြန်သည့် အနေဖြင့် Contractionary effect ကို ရှောင်ရှားနိုင်ရေးအတွက် ဘဏ္ဍာရေးလိုငွေဖြည့်ဆည်းရန် ဆောင်ရွက်သော ငွေတိုက်စာချုပ်၊ ငွေတိုက်လက်မှတ်များ လေလံတင်ရောင်းချမှုကို ယာယီ လျှော့ချရန်၊

(၃) လုပ်ငန်းစဉ် ၂.၂.၂ ဘဏ်များအပေါ် ပြန်လည်ပေးဆပ်မှု မရှိသော ချေးငွေများ၏ သက်ရောက်မှုလျှော့နည်းစေခြင်း၊ (က) ချေးငွေကဏ္ဍ တိုးတက်စေရန်နှင့်ဘဏ်များ၏အခက်အခဲများ သက်သာစေရန်အတွက် ဘဏ်များရှိ အရင်း၊ အတိုး ပေးဆပ်ရန် ပျက်ကွက်သည့် ချေးငွေများကို ၅ နှစ်မှ ၇ နှစ်အထိ လွှဲယူစီမံ ခန့်ခွဲမည့် အရင်းအနှီးစီမံခန့်ခွဲမှုကုမ္ပဏီ (Asset Management Company) ကို တည်ထောင်ရန်၊

(၄) လုပ်ငန်းစဉ် ၂.၄.၁ ကုန်သွယ်မှု မြှင့်တင်ရေး ဘဏ္ဍာငွေပံ့ပိုးခြင်း၊ (က) ကုန်သွယ်မှု မြှင့်တင်ရန်အတွက် ကျပ်ဘီလီယံ ၁၀၀ ကို ရန်ပုံငွေတစ်ရပ် တည်ထောင်၍ သတ်မှတ်ထားသည့် ကူးသန်းရောင်းဝယ်ရေး ဘဏ်များမှတစ်ဆင့် မည်သည့် ကုန်ပစ္စည်းမျိုးအတွက်မဆို Trade Financing ပေး၍ ဆောင်ရွက်သွားရန်၊

(၅) လုပ်ငန်းစဉ်၅.၁.၁ (က) အစိုးရအဖွဲ့အစည်းများကိုယ်တိုင်ဖြစ်နိုင်သမျှ မိုဘိုင်းမှ တစ်ဆင့် ငွေကြေးပေးချေမှုကိုစွာအား ဆောင်ရွက်ရန်၊

၄၇။ အစိုးရဌာန၊ အဖွဲ့အစည်းများမှ CERP's Action plan အရ ဆောင်ရွက်ရမည့် ပန်းတိုင်များနှင့် လုပ်ငန်းစဉ်များအနက် ဆောင်ရွက် နိုင်မှုမရှိသေးသည့် လုပ်ငန်းစဉ်များအား ပြန်လည်စိစစ်သုံးသပ်ရန်နှင့် COVID-19 အသုံးစရိတ်များ၊ CERP's Action Plan အရ အသုံးစရိတ်များနှင့် လုပ်ငန်းစဉ်များ အကောင်အထည်ဖော်မှု အခြေအနေ များအပေါ် လမ်းညွှန်ကြီးကြပ်နိုင်ရေးအတွက် COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအမျိုးသားအဆင့်ဗဟိုကော်မတီသို့ တင်ပြနိုင်ရန် တာဝန်ရှိသူများမှ စီစဉ်ဆောင်ရွက်သင့်ပါသည်။

**သုံးသပ်ချက်**

၄၈။ အစိုးရ ဌာန၊အဖွဲ့အစည်းများ၏ ဦးစီးဌာန/လုပ်ငန်း(ရုံးချုပ်)တွင် စာရင်းတင်ထားသည့် အသုံးစရိတ်များနှင့် တိုင်းဒေသကြီး/ပြည်နယ်များရှိ ဒေသရုံးများ၏ အသုံးစရိတ်စာရင်းတို့ ကွဲလွဲမှုဖြစ်ပေါ်နေခြင်းအား ပြန်လည်စိစစ်ဆောင်ရွက်ရန်၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနသို့ နောင်ပေးပို့မည့် သုံးလပတ်အလိုက် COVID-19 အသုံးစရိတ် စာရင်းများအား စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန (ယခင် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန)၏ ညွှန်ကြားချက်နှင့်အညီ သတ်မှတ်ရက်အတွင်း ပေးပို့ရန်၊ အသုံးစရိတ်အားလုံး ပြည့်စုံမှန်ကန်စွာ ပါဝင်ရန်၊ အသုံးစရိတ်ပြေစာ အထောက်အထားများ၊ မှတ်တမ်းများ ပြည့်စုံစွာမရှိခြင်း၊ ဆက်သွယ်ရန် အခက်အခဲရှိခြင်းတို့ကြောင့် စစ်ဆေးနိုင်မှု မရှိသဖြင့် စစ်ဆေးမှုခံယူနိုင်ရေးတို့ကို စီစဉ်ဆောင်ရွက်ပေးရန်၊ ဝယ်ယူထားသည့်ပစ္စည်းများကို ဒေသများသို့ ဖြန့်ဝေရာတွင် စာရင်းများပြည့်စုံစွာထားရှိရန်နှင့် အမြန်ဆုံးဖြန့်ဝေနိုင်ရေး ဆောင်ရွက်ရန်၊ အခြေခံစားကုန်(၅)မျိုး ထောက်ပံ့မှု၊ ငွေကြေးထောက်ပံ့ပေးမှုစာရင်းမှတ်တမ်း အထောက်အထားများ ထိန်းသိမ်းမှုနှင့် ဝယ်ယူမှုများအတွက် တည်ဆဲအခွန်ဆိုင်ရာညွှန်ကြားချက်များအားလိုက်နာရန်နှင့် အရေးပေါ် အခြေအနေတွင် အသင့်ဖြန့်ဖြူးနိုင်ရန်အတွက် အရန်ဆန်အား မူလလျာထားသည့်အတိုင်း အကောင်အထည်ဖော် ဆောင်ရွက်ရန်၊ တည်ဆဲဘဏ္ဍာရေး စည်းမျဉ်း၊ စည်းကမ်းများအား လိုက်နာဆောင်ရွက်ရန်၊ တည်ဆောက်ခြင်း/ ပစ္စည်းဝယ်ယူခြင်းများဆောင်ရွက်ရာတွင် ယခင်နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အမှတ် ၁/၂၀၁၇၊ ၅/၂၀၂၀ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ရန်၊ တည်ဆောက်ခြင်း /ပစ္စည်းများ ဝယ်ယူခြင်းအတွက် ၂ ရာခိုင်နှုန်း ဝင်ငွေခွန်နှင့် ၅ ရာခိုင်နှုန်း ကုန်သွယ်လုပ်ငန်းခွန်များပေးဆောင်ရာတွင် တည်ဆဲအခွန်ဆိုင်ရာဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များအား လိုက်နာရန်၊ အတိုးနှုန်းသက်သာသည့် ချေးငွေထုတ်ချေးခြင်းများအတွက် ဖွင့်လှစ်ထားသည့် UFA (OA)စာရင်းများနှင့် စာရင်းလက်ကျန် အခြေအနေတို့အားဘဏ္ဍာရေးနှစ်ကုန်ဆုံးတိုင်း ငွေတိုက်ဦးစီးဌာန၊ ငွေကြေးစီမံခန့်ခွဲမှုဌာနခွဲသို့ ပေးပို့နိုင်ရေး၊ ချေးငွေထုတ်ချေးမှု၊ အရင်း/အတိုး ပြန်လည်ပေးဆပ်မှုများအတွက် ချေးငွေညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်စေရေး၊ ထုတ်ချေးခြင်းမပြုနိုင်သည့် ချေးငွေများအတွက် ငွေတိုက်ဦးစီးဌာန၏ နိုင်ငံတော်စာရင်း MD 012672 သို့ ပြန်လည်အပ်နှံစေရေးနှင့် သက်ဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ပြီးပါက UFA (OA)အား ညွှန်ကြားချက်နှင့်အညီ စနစ်တကျပိတ်သိမ်းနိုင်ရေး စီစဉ်ဆောင်ရွက်ရန်၊ CERP's Action Plan အရ ဆောင်ရွက်သည့်စီမံကိန်းများတွင် စီမံကိန်းအကောင်အထည်ဖော်ရေးလက်စွဲများနှင့်အညီ ဆောင်ရွက်ရန်၊ CERP's Action plan အရ ဆောင်ရွက်ရမည့် ပန်းတိုင်များနှင့် လုပ်ငန်းစဉ်များ အနက်

ဆောင်ရွက်ဆဲ လုပ်ငန်းစဉ်များအား ဆက်လက် ဆောင်ရွက်သွားရန်၊ ဆောင်ရွက်နိုင်မှု မရှိသေးသည့် လုပ်ငန်းစဉ်များအား ပြန်လည်စိစစ်သုံးသပ်ရန်နှင့် COVID-19 အသုံးစရိတ်များ ၊ CERP's Action Plan အရ အသုံးစရိတ်များနှင့် လုပ်ငန်းစဉ်များအကောင်အထည်ဖော်မှုအခြေအနေများအပေါ် လမ်းညွှန်ကြီးကြပ်နိုင်ရန်အတွက် COVID-19 ကာကွယ် ၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီသို့ တင်ပြနိုင်ရေး တာဝန်ရှိသူများမှ စီစဉ်ဆောင်ရွက်ရန် လိုအပ်ကြောင်းသုံးသပ်ပါသည်။

**အကြံပြုချက်**

၄၉။ အစိုးရ ဌာန၊အဖွဲ့အစည်းများ၏ ၂၀၁၉-၂၀၂၀ခု၊ ဘဏ္ဍာရေးနှစ် COVID-19 နှင့် CERP's Action Plan အသုံးစရိတ်များနှင့် CERP's Action Plan ပါ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မှုနှင့် စပ်လျဉ်းသည့် စစ်ဆေးတွေ့ရှိချက်များအရ အောက်ပါတို့ကို ဆောင်ရွက်ရန် လိုအပ်ပါသည်-

(က) ရုံးချုပ်နှင့် ဒေသအသုံးစရိတ်စာရင်းများ ကွဲလွဲမှုအတွက် အသုံးစရိတ်များ မှန်ကန်မှုရှိစေရေး စာရင်းမှန်ဖြင့် ပြန်လည်ညှိနှိုင်းပြင်ဆင်ရန် လိုအပ်ခြင်း၊

( အစီရင်ခံစာအပိုဒ် ၁၁(က၊ခ)၊၁၂)

(ခ) နောင်တွင်ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနသို့သုံးလပတ်အလိုက် အသုံးစရိတ် စာရင်းများအား ညွှန်ကြားချက်နှင့်အညီ သတ်မှတ်ရက်အတွင်းပေးပို့နိုင်ရေး တာဝန်ရှိသူများမှ စီမံကြီးကြပ် ဆောင်ရွက်ရန် လိုအပ် ခြင်း၊

(အစီရင်ခံစာအပိုဒ် ၁၃(က၊ခ)၊ ၁၄)

(ဂ) သုံးလပတ်အလိုက် အသုံးစရိတ်စာရင်းများ ပိုမို/လျော့နည်း ပေးပို့ထားမှုနှင့် စပ်လျဉ်း၍ ပြန်လည်ပေးပို့ရန်လိုအပ်မှုရှိမရှိ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ရန် လိုအပ်ခြင်း၊

(အစီရင်ခံစာအပိုဒ် ၁၅(က)မှ(ဒ)၊၁၆)

(ဃ) အသုံးစရိတ်ပြေစာ အထောက်အထားများ၊ မှတ်တမ်းများ ပြည့်စုံမှန်ကန်စွာ ထားရှိစေရေးနှင့် စစ်ဆေးမှုခံယူနိုင်ရေးတို့အတွက် တာဝန်ရှိသူများမှ စီစဉ် ဆောင်ရွက်ပေးရန် လိုအပ်ခြင်း၊

(အစီရင်ခံစာအပိုဒ် ၁၇(က)မှ (ဇ)၊၁၈)

(င) COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး၊ ကုစားရေးတို့နှင့် ဆက်စပ်သည့် အသုံးစရိတ်နှင့် CERP's Action Plan အရ အသုံးစရိတ်တို့ဖြင့် ဝယ်ယူထားသည့်

ပစ္စည်းများကို ဒေသများသို့ဖြန့်ဝေမှုနှင့်စပ်လျဉ်း၍ စာရင်းမှတ်တမ်းများ ပြည့်စုံစွာ ထားရှိရန်နှင့် ဖြန့်ဝေရန်ကျန်ရှိသည့် ပစ္စည်းများအား အမြန်ဆုံး ဖြန့်ဝေနိုင်ရေး တာဝန်ရှိသူများမှ အလေးထား ဆောင်ရွက်ရန် လိုအပ်ခြင်း၊

(အစီရင်ခံစာအပိုဒ် ၁၉(က၊ခ)၊၂၀)

(စ) အခြေခံစားကုန်(၅)မျိုးထောက်ပံ့မှု၊ ငွေကြေးထောက်ပံ့ပေးမှုများနှင့် စပ်လျဉ်း၍ စာရင်းမှတ်တမ်းအထောက်အထားများ၊ ရှင်းတမ်းများ၊ ကုန်ပစ္စည်း လယ်ဂျာများ ကို ပြည့်စုံစွာဆောင်ရွက်ထားရှိစေရေးအတွက် တာဝန်ရှိသူအဆင့်ဆင့်မှ စီမံ ကြီးကြပ် ဆောင်ရွက်ရန် လိုအပ်ခြင်း၊

(အစီရင်ခံစာအပိုဒ် ၂၁(က)၊(ခ)၊ ၂၂ )

(ဆ) အရန်ဆန်ဝယ်ယူဖြန့်ဖြူးမှုနှင့်စပ်လျဉ်း၍ ပြည်သူများ၏ လိုအပ်ချက်အပေါ် မူတည်၍ ဖြန့်ဖြူးရောင်းချနိုင်မှု ရှိ၊ မရှိ ကို ဌာနအနေဖြင့် ကြီးကြပ်ရန်၊ အရေးပေါ် အခြေအနေ ပေါ်ပေါက်ပါက အရန်သင့်ဖြန့်ဖြူးပေးနိုင်ရေးအတွက် အကောင်အထည်ဖော်မှု အခြေအနေများကို ပြန်လည်သုံးသပ်ရန်နှင့် အသုံးစရိတ်လျှော့နည်းမှုများအား ပြန်လည် ညှိနှိုင်းနိုင်ရေးတာဝန်ရှိသူများမှ စီမံ ကြီးကြပ်ဆောင်ရွက်ရန် လိုအပ်ခြင်း၊

(အစီရင်ခံစာအပိုဒ် ၂၆(က)မှ (ဃ)၊၂၇)

(ဇ) COVD-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး၊ ကုစားရေးတို့နှင့် ဆက်စပ်သည့် အသုံးစရိတ်များနှင့် CERP's Action Plan အရ အသုံးစရိတ်များ သုံးစွဲရာတွင် တည်ဆဲဘဏ္ဍာရေး စည်းမျဉ်း၊ စည်းကမ်းများနှင့် ညီညွတ်မှုရှိစေရေး တာဝန်ရှိသူ အဆင့်ဆင့်မှ ကြီးကြပ် ဆောင်ရွက်ရန်နှင့် တည်ဆောက်ရေး လုပ်ငန်းများကို သတ်မှတ်ရက်အတွင်းပြီးစီးနိုင်ရေး တည်ဆောက်ရေးဦးစီးကော်မတီ၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ PMU အဖွဲ့တို့က တွန်းအားပေးကြီးကြပ် ဆောင်ရွက် ရန် လိုအပ်ခြင်း၊

(အစီရင်ခံစာအပိုဒ် ၂၈(က )မှ(င)၊၂၉)

(ဈ) COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး၊ ကုစားရေး တို့နှင့် ဆက်စပ်သည့် အသုံးစရိတ်များနှင့် CERP's Action Plan အရ အသုံးစရိတ်များဖြင့် ဆောင်ရွက် သည့် တည်ဆောက်ခြင်း/ ပစ္စည်းဝယ်ယူခြင်းများတွင် ယခင်နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အမှတ် ၁/၂၀၁၇ နှင့် ၅/၂၀၂၀ ပါ ညွှန်ကြားချက်များနှင့်အညီ လိုက်နာ ဆောင်ရွက်စေရေး တာဝန်ရှိသူ အဆင့်ဆင့်မှ ကြီးကြပ်ဆောင်ရွက်ရန် လိုအပ်ခြင်း၊

(အစီရင်ခံစာအပိုဒ် ၃၀(က)မှ (ဂ)၊ ၃၁)

(ည) COVID - 19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး၊ ကုစားရေးတို့နှင့် ဆက်စပ်သည့် အသုံးစရိတ်များနှင့် CERP's Action Plan အရ အသုံးစရိတ်များဖြင့် ဆောင်ရွက်သည့် တည်ဆောက်ခြင်း/ပစ္စည်းများ ဝယ်ယူခြင်းအတွက် ၂ ရာခိုင်နှုန်း ဝင်ငွေခွန်နှင့် ၅ ရာခိုင်နှုန်း ကုန်သွယ်လုပ်ငန်းခွန်များ ပေးဆောင်ရာတွင် တည်ဆဲအခွန်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့် ညီညွတ်မှုရှိစေရေး တာဝန်ရှိသူ အဆင့်ဆင့်မှ စီမံကြီးကြပ် ဆောင်ရွက်ရန် လိုအပ်ခြင်း၊

(အစီရင်ခံစာအပိုဒ် ၃၂(က)၊(ခ)၊၃၃)

(ဋ) ကြွေးမြီတစ်ရပ်ချင်းအလိုက် ဖွင့်လှစ်ထားသည့် UFA (OA) စာရင်းဖွင့်လှစ်ထား ရှိမှုနှင့်စာရင်းလက်ကျန်အခြေအနေတို့အား ဘဏ္ဍာရေးနှစ်ကုန်ဆုံးတိုင်း ငွေတိုက်ဦးစီး ဌာန၊ငွေကြေးစီမံခန့်ခွဲမှုဌာနခွဲသို့ ပေးပို့စေရေး၊ ချေးငွေထုတ်ချေးမှု၊ အရင်း/အတိုး ပြန်လည်ပေးဆပ်မှုများအတွက် ချေးငွေညွှန်ကြားချက်များနှင့်အညီ လိုက်နာ ဆောင်ရွက် စေရေး၊ ထုတ်ချေးခြင်း မပြုနိုင်သည့် ချေးငွေများအတွက် ငွေတိုက်ဦးစီးဌာန၏ နိုင်ငံတော် စာရင်း (MD- 012672) သို့ ပြန်လည်အပ်နှံစေရေး နှင့် သက်ဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်ပြီးပါက UFA(OA)အား ညွှန်ကြားချက် နှင့်အညီ စနစ်တကျ ပိတ်သိမ်းနိုင်ရေး ကြီးကြပ်ဆောင်ရွက်ရန် လိုအပ်ခြင်း၊

(အစီရင်ခံစာအပိုဒ် ၊၃၅၊ ၃၆၊ ၃၇၊၃၈၊၃၉၊၄၀၊၄၁)

(ဌ) CERP's Action plan အရ ဆောင်ရွက်သည့် စီမံကိန်းများတွင် စီမံကိန်း အကောင်အထည်ဖော်ရေးလက်စွဲများနှင့်အညီ ဆောင်ရွက်ရန် လိုအပ်ခြင်း၊

(အစီရင်ခံစာအပိုဒ် ၄၂ (က)၊(ခ)၊ ၄၃)

(ဍ) CERP's Action planအရ ဆောင်ရွက်ရမည့်ပန်းတိုင်များနှင့်လုပ်ငန်းစဉ်များ အနက် ဆောင်ရွက်ဆဲလုပ်ငန်းစဉ်များပြီးစီးစေရေး တာဝန်ရှိသူများမှ ကြီးကြပ်ဆောင်ရွက်ရန် လိုအပ်ခြင်း၊

(အစီရင်ခံစာအပိုဒ် ၄၄(က)၊(ခ) ၊ ၄၅ )

(ဃ) CERP's Action planအရ ဆောင်ရွက်ရမည့်ပန်းတိုင်များနှင့်လုပ်ငန်းစဉ်များ အနက် ဆောင်ရွက်နိုင်မှု မရှိသေးသည့် လုပ်ငန်းစဉ်များအား ပြန်လည်စိစစ် သုံးသပ်ရန် လိုအပ်ခြင်း၊

(အစီရင်ခံစာအပိုဒ် ၄၆(က)၊(ခ)၊ ၄၇ )

(ခင်ခင်သီ)

(ဒုတိယ ညွှန်ကြားရေးမှူးချုပ်)

ရက်စွဲ၊ ၂၀၂၁ ခုနှစ်၊ မေလ ၂၈ ရက်